# နှပ်ရာသိုင်း

## အိပ်မက်ထဲက တက္ကသိုလ်

ပန်းချီ မောင်မောင်ဆိုက်



COLOR SEPARATION KYEE MYINT

အခန်း (၁)

**ငါမမေ့၍**

**နွေနေ့တရက်၊ ငါမြင်မက်သည်**

**အိမ်မက်ထဲက တက္ကသိုလ်....**

**ဥညြိသံချို၊ တေးသံစို၍**

**ပင်ပျိုပင်လှ။ ပုရစ်မြိုနှင့်**

**လှနေပေဆဲ....မြို့ငွေ့ထဲ....။**

*

"ကျောင်းထဲ ဝင်ပေးရမလား ဗိုလ်ကြီး"

"ဟင်"

ကိုယ့်အတွေးနှင့်ကိုယ် အိမ်မက်မက်သလို ဖြစ်သွားသဖြင့် ကားဆရာစကားကို ရုတ်တရက် မကြားလိုက်မိ။ ကားဆရာက ထပ်ပြောသည်။

"ကျောင်းထဲအထိ ဝင်ပေးရမလား မေးတာပါ"

"ဩော်...ရပါတယ် ကိစ္စမရှိဘူး၊ ဘီပီအိုင်မှတ်တိုင်မှာပဲ ရပ်ပေးပါ၊ ကျွန်တော့်ဟာ ကျွန်တော် လျှောက်သွားမယ်"

ကားဆရာက ဘာမှ ထပ်မပြောတော့။ စက်မှုတက္ကသိုလ်၏ ဝင်ပေါက်ဂိတ်ဝကြီးကို ကျော်မောင်းသွားပြီး ဘီပီအိုင် ကားမှတ်တိုင်တွင် လွန်ရုံလေးလွန်၍ ရပ်ပေးသည်။

“သွားမယ်ဗျာ…ကျေးဇူးပဲ”

ကျသင့်သော လေးဘီးခ ရှင်းပေးပြီး နှုတ်ဆက်သည်။ ကားဆရာက ရယ်၍ ခေါင်းညိတ်၏ ။ တလမ်းလုံး သူမေးသမျှ မကြားတချက် ကြားတချက်လုပ်လာပြီး ခုမှ ဘာလာချွဲနေရသတုံးဟုများ ထင်သွားလားမဆိုနိုင်။

သို့သော် ထိုအတွေးက ကားလမ်းမကို ကျောခိုင်းပြီး.. ကျောင်းဘက် မျက်နှာမူလိုက်သည်နှင့် ပျောက်သွားသည်။ ကြီးမားခန့်ထည်သော ကျောင်းဆောက်အအုံ့ကြီးက အာရုံအားလုံးကို စုစည်းထိန်းချုပ် ထားသောကြောင့်ပင်။

ရင်ထဲမှာလည်း လှုပ်ခါသွား၏ ။

“ကျောင်းကြီးကတော့ ဘာမှ မပြောင်းလဲဘူး၊ အယင်အတိုင်းပဲနော်”

အတွေးနှင့်အတူ လွန်းငွေ့နွေးနွေးလေးများ တကိုယ်လုံးကို လွှမ်းခြုံသွားသည်။

ကျောင်းဝင်ပေါက်ငယ်လေးကို လှမ်းကြည့်လိုက်၏ ။

ဒါလေးကလည်း ဘာမှ ပြောင်းလဲမှုမရှိ။ အယင်လိုပင် ကျဉ်းတင်းတင်း စုတ်ချာချာလေးပင်။ သို့သော် အယင်ကထက်တော့ နည်းနည်းပိုကျယ်၍ နည်းနည်း ပိုသေသပ်လာသည်ထင်ပါသည်။

အမှန်က စက်မှုတက္ကသိုလ်၏ အဓိက ဝင်ပေါက်လမ်းမကြီးမှာ ထိုနေရာလေးပင်။ တဘက်ထိပ်တွင် ပေါင်းမိုးခုံးကြီးတွေ။ သံတံခါးကြီးတွေ၊ ဆိုင်းဘုတ်ကြီးတွေနှင့် ခမ်းခမ်းနားနား ဝင်ပေါက် လုပ်ထားသော်လည်း ထိုဂိတ်ကြီးမှာမော်တော် ကားရှိသူ လူနည်းစု၏ ဝင်ပေါက်ထွက်ပေါက်မျှသာ ဖြစ်၏ ။

ဟိုတုန်းက ‘ပစ္စည်းမဲ့ဂိတ်’ ဟု ကျွန်တော်အမည်ပေးခဲ့သော

ထိုကြားပေါက်လေးကမူ သေးငယ်နုံချာ၍ လူနှစ်ယောက်ဝင်သာရုံ အပေါက်လေးမျှသာ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ အားလုံးလိုလို တကယ့်အများကြီး ဝင်ထွက်ကြသည့် အဓိက ဂိတ်ဝကြီး ဖြစ်၏ ။

ကျွန်တော့် မျက်လုံးများက တပင်လုံး နီရဲဝေဆာအောင် ပွင့်နေသည့် ဂိတ်ဝက စိန်ပန်းပင်ကြီးဆီ ရောက်သွားသည်။

အရာအားလုံး မပြောင်းလဲဆိုသည်ကတော့ ဘယ်နည်းနှင့်မှ မဟုတ်တော့။ အယင် ကျွန်တော်တို့ ကျောင်းရောက်စက ကိုင်းဖျားကို လက်ဖြင့် လှမ်းကိုင်၍ ရသော စိန်ပန်းပင်လေးသည် ယခုအခါ ကျွန်တော်နှစ်ရပ်စာပင် မကတော့ပြီ။

“ဟူး”

လေပူတချက် ခပ်တိုးတိုး မှုတ်ထုတ်သည်။

နားထဲသို့ အသံလေးတသံ ပဲ့တင်ဝင်ရောက်လာ၏ ။

“မျှော်လင့်ချက်မရှိတဲ့ ကိစ္စကို ဘာလို့ သက်သက် အပင်ပန်းခံနေရတာလဲ ခိုင်မြဲရာ၊ စိန်ပန်းပင်ကနေ စွယ်တော်ပွင့်တွေ ပွင့်မလာနိုင်တော့ပါဘူး”

ဟုတ်တယ် လွမ်းနုရေ...ဒါပေမယ့် ခုထက်ထိလဲ စိန်ပန်းပင်ကြီးက စိန်ပန်းပွင့်တွေ ပွင့်နေတုန်းပဲ၊ စိတ်ထဲက တိုးတိုးပြောဖြစ်၏ ။

စင်စစ် အားလုံးသည် အိမ်မက်အဖြစ်ဖြင့်သာ ကုန်ဆုံးသွားလေပြီ။

အိမ်မက်ရက်ပေါင်းများစွာတွင် ကျွန်တော်တို့ ချနင်းလာခဲ့သည့် ခြေရာများစွာတို့သည်လည်း ခုခါ ရှာဖွေ၍ တွေ့ရှိတော့မည် မဟုတ်။

အနံ့အလျား မခြားနားလှသော နောက်ထပ် နောက်ထပ်ပွားများလာသည့် အိမ်မက်ရွာသား ညကျောင်းတော်သူကျောင်းတော်သားများ၏ ခြေရာများစွာတို့က နင်းခြေ

ဖျောက်ဖျက်ခဲ့ကြလေပြီ။

တခါတုန်းက သည်ပရဝုဏ်အတွင်းမှာ လွမ်းသူတို့၊ ပျော်သူတို့၊ မိုက်သူတို့၊ ကောင်းသူတို့ မျက်ရည်ကျယင်း ရယ်မောယင်း ဖန်တီးဖွဲ့ထုံးခဲ့ကြသည့် ပုံပြင်ပေါင်းများစွာ တို့သည်လည်း အသစ်သစ်သော ပုံပြင်များအောက်တွင် မှုန်ဝါးကွယ်ပျောက်သွားကြလေပြီ။

ဟိုတုန်းက အကြိမ်ပေါင်းများစွာ တိုင်တည်ခံခဲ့ရ၍ နားများပင် ငြီးဆူနေခဲ့မည် ဖြစ်သော ကျောင်းရှေ့မှ ပေါ်တီကိုတိုင်ကြီးများပင် ခိုင်မြဲဆိုသည့် ကျောင်းသားတစ်ယောက်အကြောင်း သွားမေးပါက…

“ဟေ…ဟုတ်လား၊ ဘယ်လိုမှ မအောက်မေ့နဲ့ကွယ်၊ ဘဘတို့လဲ အသက်ကြီးပြီဆိုတော့ မှတ်ဉာဏ်သိပ်မကောင်းတော့ဘူး၊ ပြီးတော့ အဘနားကပ်ကပ်ပြီး သူတို့ဝေဒနာတွေ တိုင်တည်တဲ့ လူမိုက်ကလေးတွေကလဲ ကျောင်းထဲမှာ အများသားကလား” ဟု ဝေဝေဝါးဝါးပင် ချွေးသိပ်လွှတ်ပေးတော့မည်။

ရှစ်နှစ်ဆိုသည်မှာ ကမ္ဘာ့သက်တမ်းနှင့် နှိုင်းစာပါက ဘာမှ မကြာမြင့်သော်လည်း လူတယောက် သက်တမ်းမှာတော့ အတော့်ကို ပြောင်းလဲစေနိုင်သည့် ကာလပါတကား။

*

ကျောင်းရှေ့ ဆင်ဝင်အောက်သို့ တက်သည့် လှေကားကွေ့လေး အရောက်တွင် ညာဘက်ဘေးမှ စွယ်တော်ပင်ကြီးကို လှမ်းကြည့်မိ၏ ။

စွယ်တော်ပင်ကြီးကလည်း စိမ်းကားနေချေပြီ။ ကျွန်တော့်အား တရပ်တကျေးမှ ရောက်လာသည့် ဧည့်စိမ်းတယောက်ကို ဆက်ဆံသည့် ပုံစံဖြင့် ခပ်စိမ်းစိမ်းပင် ပြန်ကြည့်သည်

သူ့ကိုလည်း အပြစ်မပြောသာ။

ဟိုတုန်းက သူရင်းနှီးခဲ့ဖူးသူသည် ယုခု သူ့ရှေ့တွင် ရောက်နေသော မြန်မာ့တပ်မတော်၊ စစ်မြေပြင် အင်ဂျင်နီယာတပ်မှ တပ်ခွဲမှူးအဆင့်ရှိ ဗိုလ်ကြီးခိုင်မြကျော်စွာ မဟုတ်။ မမျှော်လင့်သင့်သည့် အရာတခုကို မျှော်လင့်စရာမရှိမှန်းသိလျက်နှင့် မိုက်မဲစွာ မျှော်လင့်နေခဲ့ဖူးသည့် မလည်မဝယ် အချစ်ရူးလေး ခိုင်မြပင် မဟုတ်ပါလား။

သူ့မျက်လုံးထဲတွင် ပခုံးပေါ်မှ ရွှေကြယ်ပွင့်သုံးပွင့် အပါအဝင် စစ်ဝတ်စုံ အပြည့်အစုံ ဝတ်စားထားသည့် သည်စစ်ဗိုလ်သည် တစ်ခါက သူ့ရှေ့ကနေ ခဏခဏ ဖြတ်သွားဖြတ်လာ လုပ်ခဲ့ဖူးသော ယူတီစီဝတ်စုံဖြင့် ကောင်းလေးတစ်ယောက်နှင့် တူသလိုလို အရှိသားဟုပင် မြင်ပုံ့မလားမဆိုနိုင်။

သူမပြောနှင့် ကျွန်တော်ပင် ကျောင်းထဲရောက်သောအခါ အမ်းတမ်းတမ်း ဖြစ်နေ၏ ။

ပင်မဆောင်၊ အဆောင်သစ်၏ ဆင်ဝင်အောက် ရောက်နေသည့်တိုင် ရုတ်တရက် ဘယ်သွားရမှန်း မသိသေး။

ခက်သည်က လာကတည်းကပင် ဘယ်သူ့ဆီသွား၍ ဘာလုပ်မည်ဆိုသော ရည်ရွယ်ချက်က ပါလာခဲ့သည်မဟုတ်ရာ၊ အင်ဂျင်နီယာ စကားဖြင့်ပြောလျှင် ဦးတည်ချက်မဲ့နေသော လမ်းကြောင်းမို့ ဘာလုပ်ရမှန်းမသိသည်မှာ ဘာမှဆန်းမည် မထင်။

ရယ်စရာပင် ကောင်းမလားမသိ။ တပ်ကိစ္စတခုနှင့် ရန်ကုန်စစ်ရုံးချုပ်သို့ ခဏလာခဲ့ရသည်။ မနက်က မင်္ဂလာဒုံလေဆိပ်မှနေ၍ စစ်ရုံးသို့တန်းသွားသည်။ ဟိုရောက်တော့ ကျွန်တော် ဆက်သွယ်ရမည့် အရာရှိကြီးက အရေးကြီးကိစ္စတခုကြောင့် ခရီးထွက်နေသည်။ မနက်ဖြန်လောက်မှ ရောက်နိုင်သည်ဟုဆိုသဖြင့် စစ်ရုံးမှနေ၍ တည်းခိုးရေးစခန်းသို့ ပြန်မည်ဟု

ထွက်လာသည်။

ရွှေတိဂုံဘုရား လမ်းပေါ်ရောက်မှ အချိန်အား ရှိနေသည့်အတူတူ မထူးပါဘူး ကျောင်းထဲ အလွမ်းပြေတခေါက်တော့ သွားဦးမည်ဟု ထွက်လာခြင်းဖြစ်သည်။ ရည်ရွယ်ချက် ထူးထူးထွေထွေ မရှိ။

မော်ကွန်းထိန်း ဆရာဦးသက်လွင်ဆီ အယင် ဝင်နှုတ်ဆက်ရကောင်းမလား စဉ်းစားသည်။ သို့သော် မော်ကွန်းထိန်းရုံးခန်းဘက် သွားကြည့်တော့ ရုံးခန်းက မော်ကွန်းထိန်းမရှိ ဟူသော အနက်အဓိပ္ပါယ်ဖြင့် တံခါးတချပ် ဖွင့်ထားသည်။

မေးကြည့်တော့ အစည်းအဝေးသွားသည်ဟု ဆို၏ ။

“မြကျွန်းညိုညို…ကွန်းခိုရာ တက္ကသိုလ်မှာဆုံ…စာပေဂီတနဲ့သာ…” ဘာညာအစရှိသည့် မြကျွန်းညိုညို တက္ကသိုလ် သီးချင်းကို ရေးဖွဲ့သော ကဗျာဆရာ မောင်ငွေလှိုင်း တဖြစ်လဲ ဆရာသည်လည်း မောင်ငွေလှိုင်းဘဝကဲ့သို့ လွတ်လပ်စွာ ကာရန်မရှာရတော့သဖြင့် ဘာကိစ္စ၊ ညာကိစ္စ၊ တကျိကျိ နားပူးနားဆာ လာတိုက်နေသော တပည့်များဒဏ်မှ လွတ်ရာလွတ်ကြောင်း ရှောင်လေသိုင်းလုပ်၍ အိမ်ပြန်နေပလားမသိ။

မထူးပါဘူး ကင်တင်း ခဏသွားထိုင်ပြီး အသိမိတ်ဆွေတယောက်ယောက် တွေ့ချင်လည်းတွေ့၊ မတွေ့ချင်လည်း မသောက်ရတာ ကြာပြီဖြစ်သော နွေးအေး လက်ဖက်ရည်ခွက်သေးသေး တခွက်သောက်ပြီး တပ်ပြန်အိပ်တာပဲ ကောင်းတယ်ဟု တွေး၍ စားသောက်တန်းဘက် ဆင်းလာခဲ့၏ ။

*

“အယ်...”

ရုတ်တရက် မြင်လိုက်ရသော အရာကြောင့် ခြေလှမ်းများကို ချက်ချင်း လွှဲပစ်လိုက်သည်။

ရယ်လည်း ရယ်ချင်သွား၏ ။

ကြော်...ဒီအသက်အရွယ်အထိ ဒါလေးမြင်ရင် ဒီလိုပဲ ဖြစ်နေပါသေးလားဟု ကိုယ့်ကိုကိုယ် ရယ်ချင်သွားသည်။

စက်မှုတက္ကသိုလ်အဆောင်တစ်မှနေ၍ စားသောက်တန်းဘက် သွားသော စံကြံနတ်လမ်း တိုင် အမှတ်ကိုးနှင့် တဆယ်ကြားကြမ်းပြင်တွင် မဟုတ်တဟုတ် ပစ္စည်းတစ်ခုပုံ ဖြစ်နေသော ချိုင့်ခွက်လေးတခုရှိသည်။

သူ့ဘာသာသူ အလိုအလျောက်ပဲ ဖြစ်နေသလား ရှုတ်နောက် ကျောင်းသား တစ်ယောက်ယောက်က တမင်ပုံဖော်ပြီး ကြမ်းခင်း ကွန်ကရစ်ကို ဖောက်ထားလားမသိ၊ ပုံကတော့ တိတိကျကျကြီးပင်။

ကျောင်းတုန်းကလည်း သူများတယောက်ယောက် ထိုပစ္စည်းကြီးကို ခွကျော်သွားလျှင် ဝိုင်းဟားကြသည်။ ကိုယ်လည်း ထိုအရာကို သတိထား၍ ကွင်းရှောင်ဖြတ်သည် ထိုကြောင့်ခွကျော်မလို့ လုပ်ပြီးမှ တွန့်သွားခြင်းဖြစ်၏ ။

အင်း...အရာအားလုံးကတော့ သတိရစရာ ချည့်ပင်။

စစ်မြေပြင် ခရီးကြမ်း၊ ဗုံးသံ၊ ကျည်ဆန်၊ ယမ်းငွေ့များကြားတွင် မေ့လုလုဖြစ်နေပြီဟု ထင်ရသော ရင်ထဲက ခံစားမှုလေးတခုသည် ပို၍ ထင်လင်းလာသည်။

တခါက ကျင်လည်ကျက်စားခဲ့သော တက္ကသိုလ် နယ်မြေကြီးကတော့ လှမြဲပမြဲ တင့်တယ်နေဆဲပင်။

နွေအကုန် မိုးရက်ကူးလု၊ ဧပြီလကုန်ရင် နေ့လယ်ခင်းကြီးတွင်

ကျွန်တော်တယောက် အိမ်မက်, မက်ချင်လာ၏ ။

လွန်ခဲ့သော ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်လောက်က အဖြစ်အပျက်များကလည်း အခွင့်အရေးရခိုက် ရင်ထဲသို့ အလုအယက် တိုးဝှေ့ဝင်လာသည်။

ဖြူစင်ဝင်းလဲ့၍ မြင်သူအပေါင်း၏ စိတ်နှလုံးကို အေးချမ်းရွှင်လန်းစေသော အပြုံးကလေး တခုကိုလည်း အမှတ်ရသည်။

လူကို ရူးသွပ်စေသည်ဟု စိတ်ပညာရှင်များက အရမ်းကာရောလျှောက်ပြောကြသော်လည်း ကြည်နူး အေးချမ်းလှသည့် လရောင်အောက်က ဘဝလေးကို ပြန်သတိရသည်။

ရင်ထဲမှာ ထာဝရရှွတ်ဆိုနေကျ ကဗျာလေးတပုဒ်၏ နောက်ဆုံးပိုဒ်လေးတပိုဒ် ခေါင်းထဲဝင်လာ၏ ။

“လရောင်ထဲက တဘဝကို

တလျှက်တမ်းလျှက်၊ ငါလွမ်းလျှက်သည်

အိမ်မက်လိုလို…တက္ကသိုလ်

ဩော်…အိမ်မက်ထဲက တက္ကသိုလ်…”

*

“ဟော့ကောင်…ခိုင်မြ”

ကျောဘက်မှ အမောတကော လှမ်းခေါ်လိုက်သော အသံကြောင့် အဆောင်ပြန် လေးလင်းဘတ်စတားကြီးများ ရှိရာသို့ လမ်းဖြတ်ကူးပြီးသွားရန် ပြင်နေသော ခြေလှမ်းများ တုံ့ကနဲ ရပ်သည်။

လှည့်ကြည့်လိုက်တော့ တက်ထွက်။

ထုံးစံအတိုင်း မျက်နှာတခုလုံး စနိုးတွေ ပွတ်ထားသဖြင့် ဖြူဖွေးနေသော သည်ပုဂ္ဂိုလ်က လှမ်းပြီး

"ဘယ်သွားမလို့လဲ"

မေးပုံက တစက်မှ မဟုတ်သဖြင့် ကျွန်တော်သူ့ကို မကြည့်မလင် လှမ်းကြည့်သည်။

"ဘာအူတာလဲ တက်ထွက်၊ ဒီအချိန် ကျောင်းဆင်းချိန်ကွ၊ အဆောင်ပြန်မှာပေ့ါ"

"ဟာကွာ အဆောင်ပြန်ဖို့ဆိုယင်တော့ မပြန်ပါနဲ့ဦး၊ ငါနဲ့ကျမှ ပြန်ပါ၊ င့ါကိုခဏ စောင့်ပါဦး"

"ဘာလုပ်မလို့လဲ"

"မဟုတ်ပါဘူး၊ ငါခဏလေး စောင့်စရာလေး တခုရှိလို့ပါ၊ သိပ်မကြာပါဘူး၊ လာပါကွာ၊ ငါနဲ့ကျမှပြန်ပါ"

"အဝတ်တွေ လျှော်စရာရှိသေးတယ်ကွ"

"အေးပါ...အဆောင်ရောက်တော့ ငါပါ ကူလျှော်ပေးပ့ါမယ်၊ င့ါမှာလဲ လျှော်စရာရှိပါသေးတယ်"

"ဒါဖြင့် ပြီးရော။ မင်း...ကူတော့ လျှော်ရမယ်နော်"

"စိတ်ချပါကွာ၊ ငါ ကတိပေးပြီးပြီပဲ။

လုံလောက်သော အာမခံချက်ရမှ ကျွန်တော်သူနှင့် ပြန်လိုက်ခဲ့သည်။ သိပ်အဝေးကြီး ပြန်လိုက်ခဲ့ရသည်တော့မဟုတ်။

ဘတ်စကားမှတ်တိုင်မှနေ၍ ကျောင်းဘေး ထွက်ပေါက်ပစ္စည်းမဲ့

ဂိတ်လေးမှနေ၍ အတွင်းသို့ ဝင်ရုံလေး ဝင်လိုက်ခြင်းပင်။

"ဒီနားပဲ စောင့်မယ်"

တက်ထွက်က ကျွန်တော်တို့ လက်တဖောင်သာ မြင့်သော စိန်ပန်းပင်ကလေးကို လက်ထောက်ပြီး ပြောသည်။ ကျွန်တော်က သူ့အမူအရာကို နားမလည်သဖြင့်

"ဘယ်သူ့စောင့်မှာလဲ"

တက်ထွက်မျက်နှာ ချက်ချင်း ပြုံးဖြဲသွားသည်။

"ဟော့ကောင် ခိုင်မြ၊ မင်း ဘယ်သူ့မှ လျှောက်မပြောနဲ့နော်၊ ငါ ကောင်မလေးတယောက်ကို လာစောင့်ကြည့်တာ"

ကျွန်တော် သူ့ကို အံ့အားတသင့် လှမ်းကြည့်လိုက်၏ ။ ဘယ်လိုဖြစ်သွားသည် မဆိုနိုင်။ တက္ကသိုလ်ရောက်၍ ရက်ပိုင်းမျှသာရှိသေးသည်။ တက်ထွက် ရည်းစားထားဖို့ ပြင်နေပါရော့လား။

"ဘယ်က ကောင်မလေးလဲ"

"စီဗယ်ကကွ၊ တို့လိုပဲ ဖက်စ်ယီးယားကပဲ"

"အမယ်...တယ်ဟုတ်ပါလား၊ အတန်းတွေ မေဂျာတွေတောင် သိနေပလား"

"သိအောင် လုပ်ထားတာပေါ့ကွ၊ နာမည်တောင် သိတယ်"

"ဘယ်သူတဲ့လဲ"

"ဂျန်နဝါရီ"

"ဘာလဲ...ကုလားမလား"

"ထက်သရီး...မင်း ဘယ်လိုကောင်လဲကွာ ခိုင်မြရာ၊

ဂျေအေအင်ယူအေအာဝိုင် ဂျန်နဝါရီဆိုတာတောင် မသိတော့ဘူးလား၊ အင်္ဂလိပ်ပြက္ခဒိန်မှာ ပထမဆုံးလလေကွာ၊ ဗိုလ်ဆန်ဆန် မှည့်ထားတာ၊ ဗိုလ်ဆန်ဆန်မှည့်ထားတာ”

“မြန်မာမလေးပဲလား”

“မဟုတ်ဘူး…တရုတ်မလေး”

“ဟာ…သောက်ကျိုးနည်း မင်းဥစ္စာက၊ ဘယ်လိုလဲဟ… ဗိုလ်ဆန်အောင်လည်းဆိုသေး၊ ကုလားနာမည်လဲ မှည့်ထားတယ်၊ ပြီးတော့ တရုတ်မလေး၊ ဘာစိတ်ကူးပေါက်ပြီး သွားကြိုက်ရတာ လဲ”

ကျွန်တော် မအောင့်နိုင်သဖြင့် ရယ်ပြီးမေးသည်။ တက်ထွက်မျက်နှာ ရှုံ့မဲ့သွားပြီး…

“တရုတ် ကပြားမလေးကို ပြောတာပါကွာ၊ကြိုက်တာတော့… လှလို့ကြိုက်တာပေါ့”

“အေး…ပြီးရော၊ ကြိုက်…ကြိုက်…နောက်မှ ဘာညာမပြောနဲ့၊ ညောင်ဦးမှာ ဆီးသီးခြောက် ကောက်စားနေတဲ့ မင်းဘကြီးက လှတာမက်ယင် ညစာခက်တယ်လို့ မှာမထားဘူးလား”

“မင်း…အမေ…”

သူတို့အညာမှာ ဆီးသီးကို နွားပဲစားတယ်ကွဟု ရောက်ရောက်ချင်း ဂုဏ်ယူစွာ ပြောထားသည့် ပုဂံညောင်ဦးသား တက်ထွက် ထဆဲသည်။

သူ့ဂျန်နဝါရီကလည်း ကြာပဲကြာလှ၏ ။

*

တော်တော်လေးကြာလာတော့ ကျွန်တော်စိတ်မရှည်တော့။

"ဟော့ကောင်...မင်းဟာက ဟုတ်သေးရဲ့လား၊ မင်းပြောတော့ ခဏဆို"

"အေးပါကွာ...ခဏလေးပါ"

"ပြန်များ ပြန်သွားပြီလား တက်ထွက်ရာ"

"ဟာ...မပြန်ပါဘူး၊ ငါဆင်းလာတော့ အယ်လ်စီအာထဲမှာ ထဘီပြင်ဝတ်နေတာ ငါ့မျက်စိနဲ့ မြင်ခဲ့ပါတယ်၊ ဘာဖြစ်လို့ ကြာနေလဲမသိဘူး၊ အိမ်သာထဲ ချေးဝင်ပါနေတယ် ထင်တယ်"

"ဟာ..."

ကျွန်တော် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သူ့စကားတခုလုံးမှာ ရင်ခုန်စရာ ချစ်စကားလှလှ တခုမှမပါရှိ။

"မင်းပါးစပ်ကြီးက ဘယ်လိုပါးစပ်ကြီးလဲ တက်ထွက်ရာ၊ စိတ်ညစ်ရပါလား၊ ကဲ... လုပ်မနေနဲ့ ဟော့ကောင်၊ စောင့်လက်စနဲ့တော့ မထူးဘူး၊ ဆေးလိပ်လေးဘာလေး သောက်ရအောင်၊ ဆေးလိပ်သွားဝယ်"

"အေ...အေး၊ မင်းစိတ်ရှည်ဖို့ အရေးကြီးပါတယ်၊ ဝယ်ပေးပါ့မယ်"

တက်ထွက် ကဗျာကယာ ကျောင်းပြင်ထွက်၍ ကားမှတ်တိုင် ကွမ်းယာဆိုင်ဆီ ပြေး၏။ သည်လိုတော့လည်း သနားစရာလေး ဖြစ်သွားသည်။

တက္ကသိုလ်ရောက်မှ ခင်ကြသော သူငယ်ချင်းများသည် ရက်ပိုင်းမျှလောက်နှင့် သည်မျှရင်းနှီးသွားကြသည်။ ဆိုသည်ကို အပြင်က လူများကို ပြောပြ၍ ယုံမှ ယုံပါ့မလားမသိ။

*

“ဟာ…အတော်ပဲ”

အနားရောက်မှ မြင်သွားသော ခင်သက်ရီက သူ့သူငယ်ချင်းနှင့် စကားပြောနေရာက ကျွန်တော့်ဆီ လျှောက်လာသည်။ ကျွန်တော်က သူ့အတော်ပဲ… ကို ဘာအတော်ပဲမှန်း မသိဖြင့် စောင့်နားထောင်သည်။

“ခိုင်မြ၊ နင်ကလဲ ဘယ်ပျောက်နေတာလဲ၊ နင့်…ငါရှာနေတာကြာပြီ၊ ကျောင်းထဲမှာကို မတွေ့ဘူး”

“ရှိပါတယ်ဟ၊ ငါလဲ အတန်းတက်နေတာပေါ့၊ ဘာလုပ်မလို့လဲ”

“ညနေ အဆောင်လာခဲ့ဦး၊ ဒေါ်လေးက လျှာပွတ်ဆေး နှစ်ပုလင်း လူကြုံနဲ့ပို့လိုက်တာ ငါ့ဆီရောက်နေတယ်၊ အဲဒါလာယူ”

“ဟောဗျာ၊ အမေကလဲ ဘာကိစ္စ လျှာပွတ်ဆေး တကူးတက ပို့နေရတာလဲ၊ ရန်ကုန်မှာ ဝယ်လို့ရရဲ့သားနဲ့”

“ဟဲ့…လူကြီးကတော့ ဒီလိုပဲပေါ့၊ ရှည်မနေနဲ့၊ လာမှာလား မလားဘူးလားပြော”

“အေးလေ…လာခဲ့မယ်၊ နင့်အခန်းနံပါတ်က ၃၀-နော်”

“ဟုတ်တယ်၊ နင်…ဒီညနေ လာမှာလား”

“အင်း…”

“နို့…မပြန်သေးဘူးလား”

“ပြန်မယ်…သူငယ်ချင်းတယောက်က ကိစ္စရှိလို့ ဆိုတာနဲ့ စောင့်ပေးနေတာ”

ပြောပြောဆိုဆိုနှင့် တက်ထွက်ဘက် လှည့်ကြည့်သည်။ တက်ထွက်မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အနားရောက်နေ၏ ။

"ဒါဖြင့် ငါတို့သွားတော့မယ်"

ကျွန်တော် ခေါင်းညိတ်ပြသည်။

ခင်သက်ရီတို့ ခပ်လှမ်းလှမ်းရောက်သည်နှင့် တက်ထွက်က

"ဟေ့ကောင်...သူက ဘယ်သူလဲ"

"ဘာလုပ်ဦးမလို့လဲ အဲဒါ ငါ့သူငယ်ချင်း၊ ငါနဲ့ တမြို့တည်းနေတာ ကြို့ပင်ကောက်ကပဲ၊ ဘာလဲ ကြိုက်သွားပြန်ပြီလား"

"မဟုတ်ပါဘူး...နေစမ်းပါ၊ ညနေ အဆောင်သွားယင် ငါ့ခေါ်ကွာ၊ ပြီးတော့ အဲဒီ ကောင်မလေးနဲ့လဲ မိတ်ဆက်ပေးစမ်းပါ"

"ရော်...ဖြစ်ပြန်ပြီ အဲဒါကြောင့် ငါမေးတာပေါ့။ ဘာလဲ ကြိုက်သွားပြန်ပလားလို့"

"မဟုတ်ပါဘူး ကိစ္စရှိလို့ပါဆို"

"ဘာကိစ္စလဲ"

"ဘာကိစ္စလဲဆိုတော့ မေတ္တာပေါင်းကူး လုပ်ခိုင်းမလို့ ရှင်းလား၊ ခုန သူ့ဘေးက ကောင်မလေးက ငါပြောတဲ့ ဂျန်နဝါရီပဲ"

"ဟောဗျာ"

တက္ကသိုလ်မှာ ဒါမျိုးလေးတွေလည်း ရှိ၏ ။

*

# အခန်း (၂)

“မင်း နတ်ခြင်ထောင်ကျတော့ ဘာလို့ ခေါ်မလာတာလဲ”

အဆောင်ပြန်ရောက်၍ ရေမိုးချိုး အဝတ်လျှော်ဖွပ်ပြီး ခင်သက်ရီတို့ရှိရာ သဇင်ဆောင်ဘက်သို့ လမ်းလျှောက်လာယင်းနှင့် တက်ထွက်က မေးသည်။

“လိုက်ဖို့ နေနေသာသာ ငါနဲ့တောင် စကားတခွန်းမှ မပြောရသေးဘူး၊ ငါမရောက်ခင်ကတည်းက သူက အယင်ရောက်ပြီး စာရေးနေတာ ခုထိ မပြီးသေးဘူး”

“အင်း…ဒီလောက် အထူးကြီးရေးပြီး ကြက်တူရွေးလည်ပင်းချိ ကျေးစေခိုင်းယင်တော့ ကြက်တူရွေးလည်ပင်း အစ်မှာပဲ၊ ငှက်ကြီးဝန်ပိုစေမှပဲ ရမှာ၊ အပြန်ကျယင် ဒီကောင်ကြီးကို နောက်ရမယ်၊ မင်းရေးနေတဲ့ ငှက်ကြီးဝန်ပိုစေ ရတုကြီး ပြီးပလားလို့”

ကျွန်တော် ရယ်နေလိုက်၏ ။

တက်ထွက်နှင့် ကျွန်တော်က အခန်းဖော်မဟုတ်၊ ကျွန်တော်တို့နှင့် ဘေးချင်းကပ်လျက် အခန်းမှဖြစ်ပြီး ပြည်သာလှရွှေနှင့် တခန်းတည်း ဖြစ်သည်။

ကျွန်တော့်အခန်းဖော်က တောင်ငူသား ရဲမြင့်။ ရဲမြင့်က တောင်ငူသားလည်း တောင်ငူသား၊ ကဗျာတွေ ဘာတွေလည်း စပ်သည်။ ပြီးတော့ တောင်ငူမှာ ကျန်ခဲ့သော သူ့ထက် အသက်ကြီးသည့် ရည်းစား မမဆီသို့ အဆောင်ရောက်ကတည်းက စာချည့် ထိုင်ရေးနေသဖြင့် တက်ထွက်ပါးစပ်နှင့်မိပြီး နတ်ခြင်ထောင် ဖြစ်နေခြင်းပင်။

တက်ထွက်ပါးစပ်ကတော့ မလွယ်။ သူနှင့် အခန်းဖော်လှရွှေ သူ့ဝါသနာနှင့်သူ၊ ဒေါင်ဒင်…ဒေါင်ဒင်လေးလုပ်၍ ထံတျာလေးဘာလေး ဟစ်သည်ကို အကြောင်းပြုပြီး…

"မင်းလဲ မဆိုးဘူးလှရွှေ၊ ပြည်သားထဲမှာ ပြည်လှဖေ အသံကို မမီပေမယ့် ပြည်လှဖေ ချွဲဟပ်သလောက်တော့ နားထောင်ကောင်းပါတယ်၊ ဒါကြောင့် ဒီနေ့ကစပြီး မင်းကို ပြည်လှရွှေလို့ ဘွဲ့ပေးရမယ်"

ဆိုသဖြင့် လှရွှေက ပြည်လှရွှေ ရဲမြင့်က နတ်ခြင်ထောင် ဖြစ်နေခြင်းပင်။ နတ်ခြင်ထောင်ဖြစ်လာပုံက သည်လို...

"မင်းမှာရှိနေတဲ့ အခြေအနေနဲ့ အရည်အချင်းတွေ အားလုံးက မင်းတို့ တောင်ငူက ထွက်တဲ့ နတ်သျှင်နောင်နဲ့ နင်လား၊ ငါလားပဲ၊ ဒါပေမယ့် ဟိုက တောင်ငူတမြို့လုံးပိုင်တဲ့ တောင်ငူဘုရင် နတ်သျှင်နောင် ၊ မင်းက တောင်ငူမှာ ခြင်ထောင်တလုံးလောက်တောင် အမေပေးမှ အပိုင်စားရမယ့် ကောင်၊ ဒါကြောင့် မင်းက နတ်ခြင်ထောင်"

သူက ဘွဲ့ပေးရန် ကြို့ပင်ကောက် ရာဇဝင် မသိသဖြင့် ကျွန်တော်ကိုတော့ လောလောဆယ် နာမည်မပေးရသေး။ ဟိုလူတွေကလည်း ခပ်အေးအေးမို့ သူနှင့်ဘာမှ ဖက်ပြိုင်မလုပ်ပဲ ရယ်မောရုံ သာ နေလိုက်သည်။

သို့သော် တက်ထွက်ရှိသဖြင့် ကျွန်တော်တို့ အနားတဝိုက်တွင် အမြဲတမ်း ရယ်မောနေကြရသည်တော့ အမှန်။

အားလုံး မင်းတွေ၊ ငါတွေဖြစ်ပြီး ရင်းနှီးကုန်ကြတာလည်း သူ့စနက်။ ရောက်စ ခင်ဗျား-ကျွန်တော် လုပ်နေတာ ကြည့်ပြီး သူက...

"လုပ်မနေနဲ့ကွာ၊ တို့အားလုံး အာအိုင်တီမှာ ခြောက်နှစ်လုံးလုံးအတူနေရမယ့်လူတွေ။ ခုထဲကနှုတ်မကျိုးယင်တသက်လုံး ရင်းနှီးမှာ မဟုတ်ဘူး၊ မင်းတို့ကတော့ ငါ့ကို ခေါ်ချင်သလိုခေါ်၊ ငါကတော့ အားလုံးကို မင်းနဲ့ငါနဲ့ပြောမှာပဲ၊ ငါ့ကိုလဲ သိပ်ရိုသေယင် ထိုင်ရှိခိုး၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ မပြောနဲ့"

ဟု...စကားချီထားသဖြင့် အားလုံး သူ့အတိုင်းဖြစ်ကုန်ကြတော့သည်။

“ဟော့ကောင် ဟိုကျယင် မင်းချည်းသောက်စကား များမနေနဲ့နော်၊ ငါနဲ့လဲ မိတ်ဆက်ပေး၊ မြန်မာပြည်ရဲ့ ယဉ်ကျေးမှု ဦးထွန်းကားရာ၊ အရိမဒ္ဒနာပူရ၊ ပုဂံပြည် ကြီးကနေ ပညာတော် သင်ရောက်လာတဲ့ ရှရီတြီဘဝနာဒိတျစမ္မရာဇ် တက်ထွက်ကိုယ်တော်ကြီးဆိုတာ ငါပဲလို့...”

သဇင်ဆောင်ဘက် ကွေ့သည့် ထောင့်ချိုးနားအရောက်တွင် ပြောလိုက်သော စကားကြောင့် ကျွန်တော် ရယ်လိုက်သည်။

“အေးပါ...တော်လှန်ရေးအစိုးရ တက်ပြီးကတည်းက မရှိတော့တဲ့ ဘုရားကျွန် ကယ်ပါထဲမှာ ရှားရှားပါးပါးကျန်နေတဲ့တယောက်ကို တိုင်းပြည်သိအောင် ကြေငြာပေးဖို့ ငါ့တာဝန်ပါ...”

“ရှိုးတဲ့မှာပဲ ပေါက်ရ လျှောက်မလုပ်နဲ့နော်...ဟော့ကောင်၊ ငါကဒီပွဲမှာ မင်းသား၊ မင်းက ဇာတ်ရုံလုပ်ရမယ့်ကောင် ငါ့လက်စွဲတော် ငယ်ကျွန်ကြီး၊ ငါက ခိုင်မြဲလို့ ခေါ်လိုက်ယင် မင်းက ဘုရားလို့ထူး...မေမေ့နဲ့”

“ခွေးမသား...ကြီးကျယ်လို့”

တခုခု သူ့ကို ပြန်နှိမ်မလို့လုပ်ပြီးမှ ရှေ့တွင်မြင်လိုက်ရသော မြင်ကွင်းကြောင့် ထွက်တော့မည် စကားများ ရပ်ဆိုင်း ကုန်သည်။

ရင်ထဲတွင် ဒိတ်ကနဲ ခုန်၏ ။

အဆောင်ရှေ့ အုတ်ခုံလေးမှာ ခင်သက်ရီနှင့်အတူ ကောင်မလေးတယောက် ထိုင်နေသည်။

ဘာကြောင့်မှန်းမသိ။ ထိုကောင်မလေးကို မြင်လိုက်သည့်တွင် ကျွန်တော့်ရင်ထဲ လှုပ်ရှား ဖြောင်းဆန်သွားသည်။

*

“ထိုင်…ခိုင်မြဲ၊ ဒီနားမှာတော့ ထိုင်စရာ ဒါပဲရှိတယ်”

ခင်သက်ရီက မျက်နှာချင်းဆိုင်မှ အဆောင်ရှေ့ အဝိုင်းဘေး ပလက်ဖောင်း အုတ်ခုံလေးဆီ လက်ညွှန်ယင်း ပြောသည်။

“ရပါတယ် စိတ်သာ ပဓာနပဲဟာ၊ သီဟာသန ပလ္လင်လို့ သဘောထား လာထိုင်ယင် ပိုအဆင်ပြေတာပေါ့”

ကျွန်တော် ပြောလိုက်သည် မဟုတ်။ ခင်သက်ရီနှင့် ဇွတ်ကိုး မိတ်ဆွေဖြစ်ချင်နေသော တက်ထွက်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ သည်ငပေါ ကလည်း ပြောလိုက်လျှင် ထီးသုံးနန်းသုံးထဲကကို မလွတ်။

သို့သော် ခင်သက်ရီကလည်း သူ့ထက် ပိုလျှင်သည်။

“ခိုင်မြဲ…နင်တယောက်တည်းလား”

တက်ထွက်က ဖြတ်ကနဲ မော့ကြည့်သည်။ ကျွန်တော်က ရယ်ပြီး…

“အေး…တယောက်တည်းပဲ၊ ဘယ်သူမှ မပါဘူး”

“ဟော့ကောင်…ငါပါ ပါတယ်လေကွာ၊ လမ်းမှာတုန်းက ငါဘာပြောထားလဲ”

“ဩော်…အေး…ငါမေ့သွားလို့၊ ငါ့သူငယ်ချင်းပါတယ် ခင်သက်ရီ၊ နင့်သူငယ်ချင်း ဂျန်နဝါရီနဲ့ အောင်တွယ်ခိုင်းမလို့တဲ့”

“ဟာ…မင်း ဘယ်လိုလုပ်လိုက်တာလဲ ခိုင်မြဲ၊ ဒုက္ခပါပဲ ငါ့မျက်နှာကြီး အခု ငါဘယ်နားထားရတော့မလဲ”

ခင်သက်ရီကော ကောင်မလေးကပါ ရယ်သည်။

“ရှက်မနေပါနဲ့ သိပါတယ်၊ ဒီမျက်နှာမျိုးက တခါ မြင်ဖူးယင်

အတှာပြုသွားတောင် မှတ်မိပါတယ်”

“ဟုတ်တယ်၊ နန်းဝတ်နန်းစားနဲ့ဆိုလဲ မှတ်မိနိုင်ပါတယ်”

“ဟာ…ကြီးကျယ်တာတော့ မပြောနဲ့ဗျာ ၊ ခိုင်မြ…ငယ်ကျွန်ကြီး ပြောလိုက်စမ်းပါကွာ၊ မင်းမှတ်မိတယ် မဟုတ်လား အရိမဒ္ဒနာပူရလေ”

သူတို့နှစ်ယောက် အချီအချပြောနေပုံကိုကြည့်ပြီး ကျွန်တော် ရယ်လိုက်သည်။ ထူးထူးထွေထွေ မိတ်ဆက်ပေးနေစရာပင် မလိုတော့ဟုလည်း နားလည်လိုက်၏ ။ ခင်သက်ရီကလည်း ပျော်တတ်သည်။

“ကဲပါ…နောက်မနေပါနဲ့တော့၊ ခင်သက်ရီ အဲဒါ ငါ့ သူငယ်ချင်းတက်ထွက်တဲ့၊ ပုဂံညောင်ဦးက ငါနဲ့တတန်းထဲပဲ၊ ဒီကောင်က ပျော်တတ်တယ်”

တက်ထွက်မျက်နှာ ပြုံးဖြဲဖြဲဖြစ်သွားသည်။

“အေး…ဒီလိုမှပေါ့၊ ကဲ…လုပ်ပါအုံး၊ ဒီဘက်က ပြီးသွားတော့ ဟိုဘက်ကအလှည့်၊ မိတ်ဆက်ပေးသည်ကို ရိုးရိုးမတုံ့ပြန်။ ခင်သက်ရီဘေးမှ ကောင်မလေးဘက်ကို လက်ညှိုးညွှန်၍ ထပ်တွန့်သည်။ ခင်သက်ရီက ရယ်၍ …”

“ကောင်းပါပြီရှင်၊ ဟောဒီက ကျွန်မသူငယ်ချင်းက မလွှမ်းနူပါတဲ့၊ မန္တလေးက”

မလွှန်းနူက ရယ်ချင်နေသော မျက်နှာဖြင့် ပြုံးသည်။ ကျွန်တော်နှင့် အပြုံးချင်းဆိုင်သော သကာလ ကျွန်တော် ကလည်းပြုံး၍ …

“ကျွန်တော် ခိုင်မြပါ”

“ဟုတ်ကဲ့…လွှမ်းနူသိပါတယ်၊ မသက် ပြောပြထားလို့”

အို…ရင်ထဲမှာ ဘယ်လိုလေး ခံစားလိုက်ရမှန်းပင်မသိ။ ထို အပြုံးလေးသည် သည်တသက် ဖျောက်မရတော့မည့် မြင်ကွင်းလေးဟုလည်း

သိလိုက်သည်။

"အား…မန္တလေးကလား၊ ရတနာပုံ ရွှေမြို့တော်ကြီးကပေါ့၊ ဒါဆို ကိုယ်တို့ကလဲ ထီးစဉ်နန်းဆက် မဟာဆီ မဟာသွေးတွေပဲဟာ"

"ဩော်…တို့ ကြို့ပင်ကောက်သား တွေကတော့ ဘာဆီ ဘာသွေး မို့လို့လဲ"

တက်ထွက် ဝင်ဖောက်သဖြင့် ကျွန်တော် ဘုဝင်တောသည်။

တက်ထွက်က ရယ်ပြီး…

"ဟာ…မင်းကလဲ မင်းတို့မြို့အတွက်လဲ ဂုဏ်မငယ်ပါနဲ့ကွာ၊ တို့မြို့တွေလို ထီးစိုက်နန်းစိုက်မြို့ မဟုတ်ပေမယ့် မြန်မာပြည်မှာ ဆန်ကို ပိသနဲ့ချိန်စားတာ မင်းတို့တမြို့ပဲ ရှိပါတယ်၊ ဂုဏ်ယူစမ်းပါ"

"ဟေ…မင်း ဘယ်လိုလုပ်သိလဲ"

ဘယ်လိုကနေ ဘယ်လို ကတ်သီးကတ်သတ် သိသွားမှန်း မသိသော သူ့စကားကြောင့် ကျွန်တော် အံ့အားတသင့် မေးလိုက်သည်။

သူက ရယ်ပြီး…

"ငါမသိတာ လောကမှာ မရှိဘူးလေကွာ၊ ငါ့ကို သိတယ် မဟုတ်လား၊ မင်းကို ပြောပြထားရဲ့သားနဲ့၊ ရှရီတြိဘဝနာ ဒိတျဓမ္မရာဇ် တက်ထွက် ကိုယ်တော်ကြီး"

ကောင်မလေးနှစ်ယောက်လုံး ရယ်၏။

*

"အဲဒါ ဘာပြောတာလဲဟင်၊ ဆန်ကို ပိသနဲ့ ချိန်စားတယ် ဆိုတာ"

ရယ်သံများစဲမှ မလွှမ်းနူက ကျွန်တော့်ကိုကြည့်၍ လှမ်းမေးသည်။ ကျွန်တော် ပြုံးပြီး...

"ခင်သက်ရီ မေးကြည့်မလွှမ်းနူ၊ သူလဲ ကြို့ပင်ကောက် သူပဲ"

ခင်သက်ရီက မျက်စောင်းထိုးသည်။

"ကိုယ်ဟာကိုယ်ပဲ ရှင်းပြပါ၊ အဲဒီ လို စကားမလွှဲပါနဲ့"

သည်တော့ ကျွန်တော် ရှင်းပြရသည်။

"ဒီလို မလွှမ်းနူရေ၊ ကျွန်တော်တို့ ကြို့ပင်ကောက်မှာ ဆန်ချင်တာက တခြားမြို့လို မဟုတ်ဘူး၊ နို့ဆီဗူး ၇-လုံးကို တပိသ၊ ပိသနှစ်ဆယ်တတင်းလို့ ချင်ပြီး ရောင်းဝယ်တယ်၊ ဒါကို ပြောတာ"

"အဆန်းပဲနော်၊ လွှမ်းနူတို့ဆီမှာနဲ့ မတူဘူး"

"မတူဘူး၊ ကျွန်တော်နားမှာတောင် တမြို့တမျိုးပဲ၊ နတ္တလင်းမှာ ဆယ်လုံးတပြည်၊ ဆယ့်ခြောက်ပြည်တတင်း၊ အုတ်ဖိုကျတော့ ရှစ်လုံးပြည် တတင်း၊ ပြည်ဘက်ကျတော့ ရှစ်လုံးတပြည် ပြန်ဖြစ်သွားတယ်"

"အဲဒါ ဘာလို့လဲသိလား၊ မင်းတို့က ငါတို့လို ထီးရိပ် နန်းရိပ်နဲ့ဝေးလို့ စည်းမရှိ ကမ်းမရှိ ဖြစ်နေတာ"

"အမယ်...တို့မြို့က အဲဒီ လို မဟုတ်ပါဘူးနော်၊ ရာဇဝင်မှာ ထင်ရှားတဲ့ တော်လှန်ရေးသမားကြီးတွေ၊ ဗိုလ်ခေါင်းကြီးတို့၊ ဗိုလ်မြတ်ထွန်းတို့၊ ဦးသူရိယတို့၊ ဆရာစံတို့ ကြားဖူးလား၊ အဲဒါအားလုံး သာယာဝတီခရိုင်ကချည့်ပဲ၊ သာယာဝတီခရိုင်ဟာ အစတုန်းက ကြို့ပင်ကောက်မှာ ယာယီခရိုင်ရုံး ဖွင့်ခဲ့တာ"

"သြော်...ဒီလိုလား၊ ဒါကြောင့်မို့ ထင်တယ်၊ ကြို့ပင်ကောက်သူ၊ ကြို့ပင်ကောက်သားတွေဟာ ပေါင်းလို့ သင်းလို့ ကောင်းပြီး အရမ်းဖော်ရွေတာ"

“ဘာဆိုင်လို့လဲ”

“မဆိုင်ဘူးလား...မသိဘူးလေ၊ ငါလဲ မရှိ၊ ရှိတာရှာကြံပြီး ဂုဏ်တင်ရတာ ပဲ၊ စိတ်မဆိုးနဲ့နော် ခင်သက်ရီ၊ ငါက နင်နဲ့ ခင်မှ ဖြစ်မှာမို့ ကြံဖန်ဖားနေရတာ ”

“နင် အဲလိုဖားလို့ မရသေးဘူး၊ ငါ့သူငယ်ချင်းက နင့်ကို တစက်မှ ကြည့်မရဘူးတဲ့”

“ကိစ္စမရှိပါဘူးဟာ၊ အချစ်ဆိုတာ ဒီလိုပေါ့၊ စက္ကူရူပေနသံဝါသတဲ့၊ မြင်မြင်ချင်း သောက်မြင်ကပ်လေ နောက်ပိုင်းကျ ပိုချစ်လေပဲတဲ့”

“အမယ်လေး...လေး၊ ဟိုကကြားယင် နင့်ကို သတ်မယ်... တက်ထွတ်”

“သတ်ပစေ၊ အချစ်၏ လက်ဖြင့် အသတ်ခံရခြင်းသည် ဘဝအတွက် မြင့်မြတ်စွာ အသက်ပေးလှူရခြင်းတမျိုးပဲ၊ နင် မကြားဖူးဘူးလား၊ ပုဂံသားတွေကော၊ ဆရာဇော်ဂျီ့ကဗျာကော ရစရာမရှိတော့ဘူး”

“နေစမ်းပါ...ခိုင်မြဲရာ၊ ငါ့ဘာသာငါ ရှက်ရှက်နဲ့ ရှက်ရမ်းရမ်းနေတာ၊ လွှတ်ပေးထားစမ်းပါ ”

သူ့အမူအရာနှင့် အပြောကြောင့် အားလုံး ရယ်လိုက်ရသည်။

တက်ထွတ်ကိုလည်း အံ့ဩ၏ ။ ခုမှ စသိသည့် လူးများကို နင်တွေ ငါတွေနှင့် ပြော၍ တရင်းတနှီးဖြစ်အောင် လုပ်သွားသည်။ စကားဝိုင်းကိုလည်း သူပဲ ထိန်းသွားသည်။

နောက်ဆုံးတော့ သူပြောသလိုပင် ကျွန်တော့်မှာ နောက်တော်ပါ ငယ်ကျွန်ကြီးဖြစ်သွားပြီး မလွန်းနူ၏ လွမ်းစရာမျက်နှာနုနုလေးကို မသိမသာ ခိုးကြည့်လိုက်၊ အကြည့်ချင်းဆုံလျှင် ပြုံးလိုက်နှင့် နှုတ်ဆိတ်ဆိတ် အတတလေး ဖြစ်နေရတော့၏ ။

*

တကယ်လည်း ပြောရလျှင် ယုံနိုင်ဖွယ်မရှိ၊ သည်လိုပဲ ကျွန်တော်နှင့် နှစ်ခေါက်သုံးခေါက်လိုက်ပြီး သူချည့်စကားတွေ များနေသောအခါ ခင်သက်ရီက…

"မဖြစ်ပါဘူး ၊ ဒီကောင်နဲ့ ဂျန်နဝါရီနဲ့ မိတ်ဆက်ပေးလိုက်တာပဲကောင်းပါတယ်၊ တယ်နားငြီးတာပဲ "ဟု ဆိုကာ ဂျန်နဝါရီနှင့် မိတ်ဆက်ပေးလိုက်၏။ သည်ကစ၍ သူနှင့် ဂျန်နဝါရီတို့ တတွဲသတ်သတ် ဖြစ်သွားကာ ကျွန်တော်တို့သုံးယောက် သတ်သတ် ကျန်ခဲ့သည်။

သည်လောက် ရဲတင်းသွက်လက်၍ လုပ်စရာ အလုပ်ကို ထက်ထက်မြက်မြက် လုပ်ပြသွားသည်မှာ ကျွန်တော့်အတွက်တော့ အံ့သြစရာကြီး ဖြစ်နေသည်။

ကျွန်တော့်မှာ သူ့အစွမ်းအစမျိုး တဝက်ပင် မရှိ။

*

"ခိုင်မြဲက အေးတယ်နော်၊ တက်ထွတ်ကြီးလို မဟုတ်ဘူး"

သုံးယောက်တည်း ကျန်ခဲ့သောအခါ မလွမ်းနူက မှတ်ချက်ချသည်။ ခင်သက်ရီက ပြုံးသည်။

"ဒီကောင်က ဒီလောက်အေးတာတော့ မဟုတ်ပါဘူး လွမ်းနူရာ၊ ဟိုကောင်က သွက်လွန်းတာပါ၊ ငါလဲ နားငြီးလွန်းတာနဲ့ တမင်ကို ပထုတ်လိုက်တာ၊ သူတို့နှစ်ယောက်ကတော့ လိုက်ပါတယ်၊ ဂျန်နဝါရီကလဲ စကားများများနဲ့"

သူတို့ချင်း ပြောနေသည်ကိုကြည့်၍ ကျွန်တော် ရယ်နေလိုက်သည်။ ကျွန်တော်တို့ချည့် ကျန်နေသော ဝိုင်းကလေးက တကက်ထွတ်ပါတုန်း ကလောက်တော့ အုန်းအုန်းကြွက်ကြွက်မဖြစ်။ သို့သော် သူ့ဟာနှင့်သူကတော့ သေသေသပ်သပ်လေး ရှိပါသည်။

ကျွန်တော်လည်း နည်းနည်းလေးတော့ ငြိမ်သွား၏ ။

မလွမ်းနူနှင့် ပတ်သက်ပြီး ရောဂါလေးတခု စွဲကပ်သွားသောကြောင့်လား မဆိုနိုင်။ ထိုအချိန်တွင် ကျွန်တော့်ရင်ထဲ၌ မလွမ်းနူအပေါ် တွယ်တာစိတ်ကလေးတခု ဝင်နေပြီဖြစ်သည်။

တမျိုးတော့ တမျိုးပဲဟု ဆိုရမည်ပင်။

အဘယ်ကြောင့်ဆိုသော် မလွမ်းနူကို တွယ်တာ၍ သာ တွယ်တာသွားသည်။ အမှန်စင်စစ် ဘာမှ ထူးထူးခြားခြားလည်း ဖြစ်လိုက်ရသည် မဟုတ်။

မလွမ်းနူကို စတွေ့သည့် အချိန်ပိုင်းလေးမှာ ကျွန်တော်အနည်းငယ် စိတ်လှုပ်ရှားသွားသည်ကိုတော့ ကျွန်တော် ရှေ့ပိုင်းတုန်းကပြောခဲ့ပြီ။

သို့သော် တကယ်တမ်း ပြန်တွေးကြည့်တော့ ဝတ္ထုတွေ ရုပ်ရှင်ထဲကလို မလွမ်းနူသည် မြင်သူအပေါင်းကို ငိုက်ကနဲပါလာအောင် ဖမ်းစားနိုင်သော အလှမျိုးပိုင်ဆိုင်သူဟု မဆိုနိုင်။

ကြွေရုပ်ကလေးလို ထိရက်စရာမရှိအောင် ကြွကြွရွရွလေး လှပနေသော မိန်းကလေးလည်း မဟုတ်။ ရိုးသားစွာပြောရလျှင် သူလိုငါလို သာသာမျှသာ ဖြစ်သည်။

အသားကဖြူသည်ဟု ပြောနိုင်သော်လည်း သိပ်အဖြူကြီးမဟုတ်။ ကိုယ်လုံးကိုယ်ထည် လေးကလည်း ခါးသေး ရင်ချီ ပဒုမ္မဏီလေးလိုမဟုတ်။ မပိန်၊

မဝ။ သူလို၊ ငါလို မျှသာ။ မျက်နှာဆိုလျှင်လည်း လှသည်ဆိုရုံ ပြောနိုင်ရုံလေး။ မျက်ခုံးမို့မို့ နှာတန်ပေါ်ပေါ် နှုတ်ခမ်းပါးပါး။ မျက်နှာကျ သွယ်သွယ်။

ဝတ်ပုံ၊ စားပုံကလည်း သူလို ငါလို ထဲကပင်။

ဒါဖြင့် ဘာကြိုက်တာလဲဟု မေးစရာရှိ၏ ။

ဘာကြိုက်သွားမှန်းတော့ တိတိ ကျကျ မသိ။ သို့သော် မလွမ်းနု၏ ပြုံးပုံလေးက ထူးခြားသည်။ မလွမ်းနု စကားပြောလျှင် မျက်လွှာလေးပင့်ပင့် ပြောတတ်သည်။ ခေါင်းကလေး ငဲ့၍ မရဲတရဲ ပြောသလို အမူအရာလေးက ချစ်ဖို့ကောင်းသည်။

တချို့မိန်းကလေးတွေလို ဟန်ကြီး ပန်ကြီးလည်း မရှိ။ လုပ်ထားသော အမူအရာလည်း မပါ။ သိပ်လည်း မရဲတင်း။ အလကားနေရင်း ရှက်နေတာလည်း မဟုတ်။ မခို့တရို့ဟု တင်စားက တင်စားနိုင်သော အမူအရာ။

နောက်ဆုံးတော့ ဒါကိုပဲ ကြိုက်သွားဖြစ်မည်ဟု ထင်သည်။

ဘာကြောင့်ပဲဖြစ်ဖြစ် မလွမ်းနုနှင့် ဖြစ်ခဲ့သည့် ဇာတ်လမ်းလေးကတော့ သည်တသက်တွင် ရင်ထဲမှ ဘယ်လိုမှဖျောက်၍ ရမည့် ဇာတ်လမ်းမျိုးမဟုတ်။

ပြန်တွေးမိတိုင်းပင် ရင်ထဲမှာ နွေးနွေးလေးလွမ်းလာသည်။

သဇင်ဆောင်၏ ညနေခင်းများသည် စင်စစ် လွမ်းစရာ ကောင်းလှ၏ ။

*

မကြာခဏ ဆိုသလို ကျွန်တော်တို့ သုံးယောက် အင်လျားလေးဘက်သို့ လမ်းလျှောက်ဖြစ်သည်။

“တက္ကသိုလ် ရောက်တော့လဲ ဒီလိုပါပဲနော်…ဘာမှ ထူးထူးခြားခြား

မဟုတ်လှပါဘူး၊ တခါတလေတော့ တွေးမိတယ်၊ ဘဝဆိုတာ ပျင်းစရာကြီးပဲလို့…”

မလွမ်းနူသည် မကြာခဏဆိုသလို ဤကဲ့သို့သော ထူးဆန်းသည့် စကားများကို ဆိုတတ်၏ ။

“ဒါကတော့ လွမ်းနူရာ နင်က ပျင်းစရာတွေကြီးတွေးနေလို့ ပျင်းနေတာလဲ ဖြစ်ပါလိမ့်မယ်၊ ငါတို့ကျတော့လဲ အဆောင်မှာ တရုန်းရုန်းနဲ့ ပျော်လွန်းလို့ တခါတလေ စိတ်တောင်ညစ်တယ်”

မလွမ်းနူ မျက်နှာလေး ပြုံးလာသည်။

“ဟုတ်လား…ဘာတွေပျော်နေကြလဲ ငါတို့လဲ ပြောပြပါဟာ၊ နင်တို့ယောကျ်ားလေးတွေကတော့ အရမ်း လွတ်လပ်ပြီး ဗရုတ်သုက္ခကို ဖြစ်နေကြမှာပဲ”

“အေးပေါ့…တို့ထဲမှာ ရှုတ်တီးရှုတ်နောက် သမားတွေက တပုံကြီးပဲဟာ၊ သူတို့လုပ်တာ ကြည့်ပြီးကို ရယ်နေ ရတာ ပဲ…”

တက်ထွတ် လက်ချက်ကြောင့် နောက်ပိုင်းတွင် ကျွန်တော်တို့ ကြားမှာ အကုန်လုံး နင်နဲ့ ငါနဲ့ချည့် ဖြစ်ကုန်သည်။ တခုတော့ ကောင်း၏ ။ ယောကျ်ားလေး အချင်းချင်း မင်းနဲ့ငါ။ မိန်းကလေးများနှင့် နင်နဲ့ငါ ပြောရသည်မှာ စ,စ ချင်းတော့ ရိုင်းသလိုလို ဖြစ်သော်လည်း နောက်ပိုင်းကျတော့ တယောက်နှင့် တယောက် ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားသည်။

“နင်တို့ထဲမှာ တက်ထွတ် အကဲဆုံးနေမှာပဲ ထင်တယ်…ဟုတ်လား”

ခင်သက်ရီက ဝင်ပြောသည်။ ကျွန်တော် ရယ်လိုက်ပြီး…

“တက်ထွတ်တင်မဟုတ်ပါဘူးဟာ၊ တို့ဆီမှာ ခပ်ကဲကဲတွေချည့်ပါပဲ၊ လူကလဲ လူစုံပဲ၊ ငါ့အခန်းထဲက ရဲမြင့်က တမျိုး အူကြောင်ကြောင်၊ တနေ့တနေ့ကဗျာတွေစပ် ရည်းစားဆီစာရေး၊ ဟိုဘက်ခန်းကလှရွှေကျတော့

မြန်မာဂီတ တလက်နဲ့ ဆိုပါပြီ ကိုစောငြိမ်းသီချင်း၊ သစ္စာ သစ္စာခင်ရယ်... ပဲလုပ်နေတာ”

“နင်တို့တွေ အဆောင်မှာ ဖဲရိုက်ကြတယ်ဆို ဟုတ်လား”

“အပျော်ပါဟာ၊ တခါတလေပါ၊ အဆောင်ကဆရာတွေ မသိအောင် ခိုးရိုက်ရတာ ပါ”

“ငါလဲ ပျင်းယင် တခါတလေတော့ ရိုက်တာပေါ့”

“ရည်းစားကော မထားဘူးလား”

“ထားတာတော့ ထားချင်တာပေါ့၊ ဒါပေမယ့် ရည်းစားထားတာက ဖဲရိုက်တာလောက်မှ မလွယ်တာ၊ ခု ထ...ထားချင်ထားလို့ ရတာ မှမဟုတ်ပဲ”

“တွေ့ကော...တွေ့ပလား”

ကျွန်တော် ရှက်ရယ် ရယ်လိုက်သည်။ ကိုယ်ကြိုက်နေသည့် သူက သည်လိုလားမေးတော့ ဖြေရမှာ ခက်တောင် ခက်သွားသည်။

“အင်း...တွေ့တော့...တွေ့ထားပြီ”

“ဒါဖြင့် တို့လဲပြောထားလေ၊ ကူညီစရာရှိတော့လဲ ဝိုင်းကူညီရတာ ပေါ့”

သည်နေရာတွင် ခင်သက်ရီကော မလွမ်းနူပါ စိတ်ပါဝင်စားစွာ ဆွေးနွေးနေကြောင်း သတိထားမိ၏ ။

“အေး...ငါကြုံယင် ပြပေါ့မယ်”

ကျွန်တော့်သတ္တိက သည်လိုသတ္တိမျိုးတည်း။

*

# အခန်း (၃)

ကြံရမရသဖြင့် ရဲမြင့်ကို ကျွန်တော် ဆရာ တင်ကြည့်သည်။

“…အဲဒါပါပဲ ရဲမြင့်၊ အခြေအနေကတော့ အေးစက်စက်ကြီးပဲ၊ ငါလဲ ဘာလုပ်ရမှန်းမသိဘူး၊ မင်းက အတွေ့အကြုံရှိတယ်၊ ငါ ဘာလုပ်ရမလဲဆိုတာ အကြံပေးစမ်းပါ”

ရဲမြင့်က ပြုံးသည်။ ထုံးစံအတိုင်း ဆေးပေါ့လိပ်တိုတို ဖွာလိုက်ပြီး

“ကြိုက်ယင်တော့ လိုက်ပေါ့ ခိုင်မြရာ၊ ဒီလိုချည်း မေးသွားနေလို့ကတော့ ဘယ်ဖြစ်မလဲ၊ မင်းဘက်က မရိုးသားဘူး ဆိုတာ သူသိအောင်လုပ်ပေါ့”

“အဲဒါ ငါခက်နေတာပဲ ရဲမြင့်ရာ၊ သူ့ချည့် ဆိုယင် မင်းပြောသလို ငါ လုပ်ရဲရင် လုပ်ရဲဦးမယ်၊ ကြားထဲက ခင်သက်ရီက ခံနေတော့ ငါ မရိုးသားဘူးလို့ သူတို့မြင်သွားမှာကို ကြောက်နေတယ်”

“ခင်သက်ရီကို အကျိုးအကြောင်း ပြောမပြရဲ ဘူးလား၊ သူနဲ့က ငယ်သူငယ်ချင်းတွေပဲဟာ၊ မင်းဖြောင်ဖြောင့်ပြောယင် သူကူညီမှာပေါ့”

“အဲဒီ လိုကျတော့လဲ၊ ငါရှက်တယ်၊ တော်ကြာ ခင်သက်ရီက ပြန်ပြီး လျှောက်ပြောယင် မြို့တောင် ငါ ပြန်ရဲမှာ မဟုတ်ဘူး”

“မင်းဥစ္စာက အတှာလဲပြုချင်သေး၊ ဟိုဒင်းဖြစ်မှာလဲ ရှက်သေး ဆိုတာလို ဖြစ်နေပြီ”

“မင်း…မမကို လိုက်တုန်းက ဘယ်လို လုပ်လဲ”

“စာပေးတာပေါ့ကွ၊ ငါက မင်းလို သမာဓိပိုး ပိုးတာမှ မဟုတ်ပဲ၊ လမ်းမှာလိုက်ပြီး ဖြောင်စာပေးတာ”

“ဟသူက ယူသွားတာပဲလား”

“ပထမတော့ ဘယ်ယူမလဲကွ၊ မယူတဲ့အပြင် စာကိုတောင် လွှတ်ပစ်လို့ ငါမနည်း ပြန်လိုက်ကောက်ယူရတာ ”

“အဲလို ဖြစ်တော့၊ မင်း…မရှက်ဘူးလား”

“ရှက်နေမှတော့ ရည်းစားတောင်မဖြစ်ဘူး၊ သူကလွှင့်ပစ်၊ ငါကကောက်ပေး၊ တပတ်လောက်ကြာတော့ ငါ့ဆီကစာ မယူယင် ဒီလိုပဲ ဖွတ်လိုက်ပေးနေတော့မှာပဲ ဆိုပြီး ဆောင့်ကြီး အောင့်ကြီးနဲ့ ယူသွားတယ်”

“စာကော ပြန်လား”

“ငါ့ဆီက စာအစောင် အစိတ်မြောက် ပေးပြီးတော့ သူ့ဆီက ပြန်စာလာတယ်”

“ဘာတဲ့လဲ”

“နင့်လို မလောက်လေး မလောက်စား ကောင်လေးကို ငါက ဘာလုပ်ရမှာလဲ၊ တသက်လုံး ငါ့ကိုမမျှော်လင့်နဲ့…တဲ့”

“ဟောဗျာ…ဒီလိုပြောပြီးမှ ဘယ်လိုလုပ် ကြိုက်သွားလဲ”

“ဒါကတော့ ဖွဲ့ပေါ့ကွာ၊ မမကကြိုက်ကြိုက် မကြိုက်ကြိုက် ကျွန်တော်ကတော့ ကြိုက်တယ်၊ မမမှ မရရင် ကျွန်တော်မဖြစ်ဘူး၊ မမ မကြိုက်မချင်း ကျွန်တော်လိုက်မှာပဲ ဆိုပြီး ငါကလဲ ပေလိုက်တာပေါ့၊ အဲဒီ တော့ ငါက ရှစ်တန်း၊ သူက ဆယ်တန်း”

“အင်း…ပြောပါအုံး၊ နောက်တော့ ဘယ်လိုဖြစ်သွားလဲ”

“ငါ ဆယ်တန်းရောက်တော့ သူက ညကျောင်းရောက်သွားပြီ၊ အဲဒီကျတော့ သူလဲ လေနည်းနည်း ပျော့သွားတာပေါ့၊ စဉ်းစားအုံးမယ်၊ ဘာညာပေါ့ကွာ”

“အဖြေ ဘယ်တော့လောက်ကျမှ ပေးလဲ”

"စဉ်းစားပါအုံးမယ် ဆိုပြီးတဲ့နောက် မကြာပါဘူး၊ အေးလေ၊ မင်းက မမကို ဒီလောက်ချစ်နေတော့ မမလဲ မင်းကို မစိမ်းကားရက်တော့ပါဘူးဆိုပြီး အဖြေပေးတာပဲ"

"ပါးစပ်နဲ့ အဖြေပေးတာလား"

"အေးပေါ့၊ ငါက ညဘက် ကျောင်းတက် ကျောင်းဆင်း အခမဲ့ ဘော်ဒီဂတ်လိုက်လုပ်ယင်း စကားလိုက်ပြောတာကိုး"

"မင်းတော့ အရမ်းပျော်သွားမှာပဲနော်"

"အေးပေါ့၊ အဲဒီ စကားလဲ ကြားရော ငါ ထခုန် တာပဲ၊ ဝမ်းမသာပဲ နေမလားကွာ၊ ဒီစကားကြားဖို့ ငါ့မှာ နှစ်နှစ်လောက် ကြိုးစားလိုက်ရတာ "

ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်မှန်း မသိ။ အားကျသောစိတ်နှင့်အတူ ရင်ထဲမှ ကတုန် ကယင်ကြီး ဖြစ်သွားသည်။ စိတ်ထဲတွင် မမနေရာသို့ မလွမ်းနူ ပို့ထား၍ ရဲမြင့်နေရာ၌ ကိုယ်နေ၍ ကြည့်သည်။ ဘယ်လောက်များ ပျော်ဖို့ကောင်းလိုက်မလဲ။

သည်တခါ မလွမ်းနူနှင့် တွေ့လျှင် တခုခုတော့ စကြည့်မည်ဟု ဆုံးဖြတ်လိုက်၏ ။

*

သီရေတာ ထဲမှ အထွက်၊ အယ်လ်စီအာထဲမှ ထွက်လာသော မလွမ်းနူတို့နှင့် တန်းတိုးသည်။

"ဟော"

မလွမ်းနူက ဝမ်းသာအားရလေး ပြုံးယင်း 'ဟော' သည်။ ကျွန်တော်

သူတို့ဆီ လျှောက်သွားပြီး…

“ဘယ်လဲ မလွမ်းနူ…အတန်းရှိလား”

မလွမ်းနူနှင့် ပါလာသော သူငယ်ချင်းက ခင်သက်ရီ မဟုတ်။ ခင်သက်ရီက စီဗယ်၊ မြို့ပြ အင်ဂျင်နီယာမှ။ မလွမ်းနူက ဓာတုအင်ဂျင်နီယာ၊ မေဂျာချင်းမတူ၊ အဆောင်မှာသာ သူတို့ နှစ်ယောက် တခန်းတည်းမို့ အတူတူ တွဲသည်။ ကျောင်းမှာ သိပ်မတွဲဖြစ်။

“လိုက်ခဲ့မယ်လေ”

“အမယ်လေး…ခေါ်လိုက်ရတာ ခိုင်မြဲရယ်၊ နည်းနည်းလေးတောင် ဟန်မလုပ်တော့ ဘူးလား”

“ဟ…ကျွေးမယ့် မွေးမယ့် လူရှိမှ ဟန်လုပ်နေရမှာလား”

“အမယ်…သူ့ ဘယ်သူက ကျွေးမယ်လို့ ပြောလို့လဲ၊ ကင်တင်း ခေါ်တာ နင့်ကို ကျွေးခိုင်းမလို့ ခေါ်တာ”

“ဟောဗျာ…ဒါဖြင့် ငါ့ အရင်းထဲကတောင် ပါတော့မှာပေ့ါ”

“ဘာလဲ…ငါတို့ကျတော့ မသဒ္ဒါဘူး မဟုတ်လား၊ အေးပေ့ါလေ… ဘယ်တူမလဲ၊ စေတနာရှိတဲ့လူကို ကျွေးဖို့ တို့နဲ့ကျတော့ ချွေတာရမှာပေ့ါ”

“အမယ်လေး…မဟုတ်ပါဘူးဟာ၊ နင်တို့ မန္တလေးသူတွေ စကားကို တတ်တယ်”

“ဒါဖြင့် လိုက်ကျွေးလေ”

“ရပါတယ်…ငါ့မှာ ပိုက်ဆံမရှိလဲ ချီးချက်ကျွေးမှာပေ့ါ”

“ဟယ်…သေချင်းဆိုး ညစ်ပတ်လိုက်တာ”

ကောင်မလေးတွေကော ကျွန်တော်ကော ရယ်သည်။

ကင်တင်းအထိ အတူတူ လမ်းလျှောက်လာခဲ့၏ ။

*

“သဉ္ဇာ…ဟိုမှာ”

ကင်တင်းလှေကားမှ အဆင်း မလွမ်းနူက သူ့ သူငယ်ချင်းကို လက်တို့ပြီး ခပ်တိုးတိုး ပြောလိုက်သံ ကြားသည်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့ အရွယ် ကျောင်းသားတယောက်၊ သဉ္ဇာဆိုသော ကောင်မလေးထံမှ ခပ်စူးစူး အသံလေး ထွက်လာသည်။

“တော်စမ်းပါ…အဲဒီ မျက်နှာ မြင်ရတာ စိတ်ကုန်လွန်းလို့”

“ဘာဖြစ်လို့လဲ”

ကျွန်တော်က ပါးစပ်အငြိမ်မနေနိုင်။ ရှည်ပြီး လှမ်းမေးသည်။ သဉ္ဇာက မလွမ်းနူကို ကျော်ကြည့်၍ …

“အလာကား…နည်းနည်းမှ သစ္စာမရှိတဲ့ကောင်တွေ၊ သူငယ်ချင်းလို ရိုးရိုးသားသား ခင်တာကို သူတို့က သူတို့ကြိုက်လို့များ အောက်မေ့သလား မသိဘူး၊ ရည်းစားစာ လာပေးတယ်၊ အဲဒါမျိုး သိပ်ရွံတာပဲ”

ရင်၏ ဗယ်ဘက် နှလုံးသားနေရာမှ စူးကနဲ အောင့်၏ ။ ညတုန်းက ကြံခဲ့သော အကြံများ ဘယ်နား သွားလွင့်ပစ်ရမည်။ မသိ ဖြစ်သွားသည်။

“အေးဟယ်…ယောကျာ်းလေးတွေက ဒီလိုပဲနော်…သူတို့ စိတ်ထဲ ဒါပဲ စဉ်းစားနေတာပဲ၊ ရိုးရိုးသား ခင်ရမှာတောင် လန့်နေတယ်”

မလွမ်းနူ၏ မျက်ချက်စကားက ပို၍ အနေရခက်သွားစေသည်။ အကာအကွယ်တခု ကမန်းကတန်း ပြုရ၏ ။

“ဩော်…ဒါဖြင့် ငါကဘာလုပ်ရမလဲ…ပြန်ရတော့မလား၊ နင်တို့က ငါ့ဘေးထားပြီး ဒီစကားမျိုးပြောတော့ ငါက ဘယ်လိုလုပ် နေရမှာတုံး”

မလွမ်းနူက ရယ်သည်။ ကျွန်တော့ ပခုံးကို လှမ်းရိုက်ပြီး…

“နင်ကလဲ အနေသာကြီးပါ ခိုင်မြဲရာ…အေးအေး နေစမ်းပါ၊ နင့်ကို အဲလိုမျိုးထင်ယင် အစတည်းက ပေါင်းမလား…နင်ကလဲ တမျိုး”

သူက သည်လိုပြောလိုက်မှ ကျွန်တော့် ရင်ထဲ ပိုမချိ ဖြစ်သွား၏ ။

သူက ကျွန်တော့်ကို အဲလိုလူမျိုးဟု မထင်။

ကျွန်တော်က အဲလိုလူမျိုး အစစ်။

လောကကြီးက မခက်ပေဘူးလား…။

*

“ရေမြေ ဆုံးစေတော့ကွယ်…ခင်ဖုန်းကိုတော့ တွေ့အောင် ရှာမယ်… ရှာတော့မယ်…၊ ပြောသံကြားနဲ့…နားဝင်ချိုရင်ဖိုကာရယ် ယနေ့ပင် တွေ့မြင်ချင်ဇောဝယ်…အာရုံစိတ်စောမိပါတယ်၊ လုလင်ငယ်သွေး ကလေးသာသာအရွယ်…ထိုစဉ်ကပဲ…”

နေ့ခင်းက မိုးလေတဖြိုက်နှစ်ဖြိုက် ရွာချထားသေးသဖြင့် ညဥ့်ဦးက အေးစိမ့်စိမ့်လေး ဖြစ်နေသည်။ ခပ်ဝေးဝေးမှ ကြားလိုက်ရသော သံချောင်းခေါက်သံကြောင့် ဆယ်နာရီကျော်ပြီဟု သိရသည်။

ရဲမြင့်က ကျွန်တော့်ပေါင်ပေါ်တွင် ခေါင်းအုံးအိပ်ယင်း ကြယ်ကလေးများ လင်းနေသည့် ကောင်းကင်ပြင်ကို မော့ကြည့်နေ၏ ။ ညဥ့်ဦးယံကို လှရွှေ၏ အသံက စိုးမိုးထားသည်မှာတော့ အမှန်။ သဇင်ဆောင်၏ အခန်းတချို့ပင် မီးများ

ပြန်လင်းလာ၏ ။

အသံလုံးကြီးကြီး မြန်မာဂီတာသံကလည်း သည်လိုအချိန်တွင် ရင်ထဲက ခံစားမှုများကို တစစီ ခွေယူသလို ဖြစ်နေသည်။ စပိန်ဂီတာကဲ့သို့ ဆတ်တောက်လှုပ်ရှားသော ခံစားမှုကို မပေး။ လေးလေးကြီးနှင့် နှလုံးသားကို လိမ်ကြိတ်၍ ရင်ထဲရှိသမျှ အဆွေးအားလုံးကို ကြံရည်ညှစ်သကဲ့သို့ ညှစ်ထုတ်ပြီး အခွံချည့်ကျန်အောင် လုပ်ပေးနိုင်စွမ်းရှိသည်။

သည်ကြားထဲ လှရွှေ၏ အသံကလည်း ဆိုယင်းနှင့် ငိုသံကြီးပါလာပြီး အဆိုထဲ သူပါနစ်ဝင်နေသဖြင့် ကျွန်တော်တို့ အားလုံး ကောင်းကောင်းကြီး ခံနေရသည်။

မီးလင်းနေသော မလွမ်းနူတို့ ခန်းဆီသို့ ဖြစ်နိုင်လျှင် ခုန်တက်သွားပြီး ရင်ထဲရှိသမျှ စကားတွေ တခါတည်းဖွင့်ပြောပြချင်စိတ်များပင် ပေါက်လာ၏ ။

“အသည်း…စွဲခဲ့ပေါ့ကွယ်…ဆင်းသွင်ရုပ်ဝါ… လက္ခဏာ အသွယ်သွယ်…ဘယ်ပုံမှန်းဆင်နိုင်တယ်၊ သညာယဉ်ကျေး ရွှေသစ္စာခင်လေး… ရယ်…”

ဟိုတုန်းက ကြိုက်ရကောင်းမှန်း မသိခဲ့သည့် ကိုစောငြိမ်း၏ သီချင်းစာသားများကလည်း ဘယ်လိုကောင်းနေမှန်းမသိ။

အဆောင်မှာ ညဘက်သီချင်းဆိုရသည့် အရသာ တကယ့်ကို ပီပြင်နေသည်။ ခါတိုင်း စပ်ဖြဲဖြဲ တက်ထွတ်မျက်နှာကြီးပင် မှိုင်းဝေ၍ နေသည်ကို တွေ့ရသည်။

သည်တော့မှ လှရွှေ မျက်နှာကိုလည်း လှမ်းကြည့်လိုက်မိသည်။

“အို…”

ရင်ထဲမှာ လှုပ်ရှားသွား၏ ။

လှရွှေမျက်နှာပေါ်မှာ မျက်ရည်တွေနဲ့ပါလား။

*

“ညက မြန်မာဂီတနဲ့ သီချင်းလာဆိုတာ နင်တို့အုပ်စုဆို ခိုင်မြ”

မလွမ်းနူးအမေးကို ကျွန်တော်ပြုံး၍ ခေါင်းညိတ်ပြသည်။ မလွမ်းနူးက ကျွန်တော့်မျက်နှာကို စူးစမ်းသလို လှမ်းကြည့်သည်။

“သီချင်းဆိုတာ ဘယ်သူလဲ”

“ငါ့...သူငယ်ချင်းပဲ၊ လှရွှေတဲ့။ ပြည်က ဘာဖြစ်လို့လဲ”

“ဟယ်...သူ့သီချင်းကြီးက ဘယ်လိုကြီးလဲ မသိဘူး၊ သိပ်လွမ်းဖို့ကောင်းတာပဲ၊ ညတုန်းက တချို့ကောင်မလေးတွေ မျက်ရည်တောင်ကျတယ်၊ သူက ဘာလဲ အလွမ်းသမားကြီးလား”

“သူ့ရည်းစားနဲ့ ကွဲနေလို့လားဟင်”

ခင်သက်ရီကလည်း ဝင်မေးသည်။ ကျွန်တော်က ရယ်လိုက်ပြီး...

“နင်တို့တင် မျက်ရည် ကျတာ မဟုတ်ဘူး၊ သူလဲ ဆိုယင်းနဲ့ မျက်ရည်ကျတာပဲ၊ ဘယ်လိုခေါ်မလဲ အလွမ်းသမားကြီး သက်သက်တော့ မဟုတ်ပါဘူးဟာ၊ ဒါပေမယ့် သူ့မှာ ခံစားချက်တခုတော့ ရှိတယ်”

“ဘယ်လိုခံစားချက်လဲ”

“သူနဲ့ ငယ်ငယ်တုန်းက ခင်ခဲ့တဲ့ ကောင်မလေးတယောက်ရှိတယ် အသက် ဆယ်နှစ်လောက်ကပါ၊ ကလေး ဘဝဆိုပါတော့၊ နောက်တော့ ကောင်မလေးက သူ့မိဘတွေ နယ်ပြောင်းသွားပြီး သူတို့ချင်းဝေးသွားတယ်၊ သူ့စိတ်ထဲမှာ အဲဒီ ကောင်မလေးကိုပဲ သတိရနေတယ်၊ ပြန်တွေ့ယင်တောင်

မှတ်မိချင်မှ မှတ်မိမယ်၊ ဒါပေမယ့် ဒီကောင်ကတော့ အဲဒီ ကောင်မလေးနဲ့ တနေ့နေ့ ပြန်တွေ့မယ်…မတွေ့မချင်း ရှာမယ်ဆိုပြီး မျှော်လင့်နေတာပဲ၊ ဒါကြောင့် သူ့ခံစားချက်နဲ့ တူတဲ့ သစ္စာ သီချင်းကိုပဲ အမြဲဆိုတယ်”

“အဲဒီ သီချင်းနာမည်က သစ္စာတဲ့လား”

“ဟုတ်တယ်၊ ဂီတစာဆို ကိုစောငြိမ်း သီချင်းပေါ့”

“ဩော်”

လှရွှေနှင့် သီချင်းသွားဆိုပြီး နောက်နေ့ညနေ ကျွန်တော် တယောက်တည်း အဆောင်ရောက်သွားသည်။ ရောက်ရောက်ချင်းပင် သည်အကြောင်း စကားရောက်သွားသည်။

“နင်တို့အုပ်စုက ဇော်တွေချည်းပဲ၊ တက်ထွတ်ဆိုတဲ့ကောင်ကလဲ ဗလွတ်ရွတ်တကောင် ၊ နင်ပြောတဲ့ နတ်ခြင်ထောင်ကလဲ ဘယ်ရောက်နေမှန်းမသိတဲ့…ဘာမှလဲ မဖြစ်ခဲ့တဲ့ ကောင်မလေးကို လွမ်းပြီး ရှာပုံတော်ဖွင့်နေသတဲ့…နင်ကကော ဘာလဲ ခိုင်မြ”

“ငါလား…ငါက လောလောဆယ်တော့ ဘာမှ မဟုတ်သေးဘူး၊ တဖြည်းဖြည်းတော့ ငါလဲ တခုခု ဖြစ်လာမှာပေါ့ဟာ၊ ခု လောလောဆယ်တော့ ဒီလိုပဲ ယောင်ခြောက်ဆယ်ပဲ”

ကျွန်တော်နှင့် ခင်သက်ရီ အပြန်အလှန် ပြောနေသော စကားကို နားထောင်ယင်း မလွမ်းနူက ပြုံးသည်။ ပြီးမှ ထုံးစံအတိုင်း မျက်လွှာလေးပင့်ချ၍ …

“ဟုတ်ရဲ့လား…တို့က ဗေဒင်တတ်တယ်နော်၊ ညာပြောယင် သိတယ်”

“တကယ်ပြောတာပါ၊ ငါက ဘာဖြစ်စရာရှိလို့လဲ”

“မယုံပါဘူး၊ ဟိုတလောက နင်ပြောတော့…ကောင်မလေး တယောက် တွေ့ထားတယ်ဆို”

"အေးလေ…တွေ့လဲ တွေ့တွေ့ပဲပေါ့၊ ငါမှ ဘာမှ မလုပ်ရဲတာ၊ ဒါကြောင့် နင်တို့ဆီ ငါအမြဲလာနိုင်တာပေါ့။ နို့မို့ နင်တို့ဆီရောက်မလား"

ခင်သက်ရီက မျက်လုံးပြူးပြသည်။ မလွမ်းနူက ရယ်ယင်း…

"နင်မ မဆိုးဘူး ခိုင်မြ…အင်ဂျင်နီယာ လုပ်မစားပဲ ရှေ့နေလုပ်စားဖို့ ကောင်းတယ်၊ သက်သေ သာဓကေ အခိုင်အလုံနဲ့ ရှင်းချက်ထုတ်တတ်တယ်နော်"

ကျွန်တော် ဘာမှ မပြောပဲ ငြိမ်နေလိုက်သည်။

မနေ့ညက အပြန် ရဲမြင့်နှင့် ပြောခဲ့သည်များကို အမှတ်ရ၏ ။

*

လှရွှေနှင့် တက်ထွတ်တို့ နှစ်ယောက် ရှေ့ကနေ ခပ်သုတ်သုတ် လျှောက်သွားကြစဉ် ကျွန်တော်နှင့် ရဲမြင့် နောက်ချန်နေခဲ့၏ ။

ရဲမြင့်က…

"မင်းကိစ္စ ဘယ်လိုလဲ ခိုင်မြ၊ ကောင်မလေးကို ဘာမှမစရသေးဘူးလား"

ကျွန်တော် ခေါင်းခါပြယင်း ဟိုနေ့က ကင်တင်းအသွား သဉ္ဇာနှင့် ပတ်သက်ပြီး ပြောခဲ့သော စကားများ ပြန်ပြောပြသည်။ ရဲမြင့်က နားထောင်ပြီး ခေါင်းတညိတ်ညိတ် လုပ်၍ …

"အင်း…မင်း အခြေအနေက တမျိုးဖြစ်နေတော့ ငါလဲ ဘယ်လို အကြံပေးရမယ်မှန်းတောင် မသိတော့ဘူး၊ အမှန်တော့ ကိုယ်ကြိုက်တဲ့ လူကို ရည်းစားမဖြစ်ခင် ဒီလောက် ခင်မင်အောင် သွားပေါင်းမိတာ မင်းမှားတာပဲ ခိုင်မြ… အစကတည်းက မင်းက သူ့ကို သူငယ်ချင်းပေါင်းမပေါင်းပဲ အိုးတိုးအမ်းတမ်း ခပ်တန်းတန်း လုပ်ထားရမှာ"

သူ့စကား နားထောင်ယင်းနှင့် မလွမ်းနူ စကားများကို အမှတ်ရသည်။

"နင့်ကို အဲလိုမျိုးထင်ယင် အစတည်းက ပေါင်းမလား… နင်ကလဲ တမျိုး"

"အဲလိုလုပ်ပြန်တော့လဲ သူက ငါ့ကို ခုလို ခင်မှာရဲမြင့်ရ…သူတို့ပုံစံကလဲ တမျိုး"

ရဲမြင့် ခေါင်းညိတ်သည်။

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် အစတည်းက ဖြောင်ဝင်ထားယင်လဲ တမျိုးကောင်းတာပေါ့ကွာ၊ သူကကြိုက်နိုင်လဲကြိုက်၊ မကြိုက်နိုင်ရင်လဲငြင်း၊ သူငြင်းပေမယ့် ကိုယ့်ဘက်က လိုက်နေလို့ရတာ ပေါ့၊ ခုဟာက စကိုမပြောရဲပဲ ဖြစ်နေတာ ဘယ်လောက်ဆိုးလဲ၊ မစားရညှော်ခံ ဆိုတာမျိုး ဖြစ်နေတယ်"

"အချိန်တွေတော့ ရှိပါသေးတယ်ကွာ၊ ခုမှ စတွေ့ရတာ ပဲဟာ၊ အနည်းဆုံး နောက်ထပ်ခြောက်နှစ်နီးပါးတော့ ကြံချိန်ရပါသေးတယ်"

"အေး…ကြံကြံ၊ မင်းက ကြံတုန်းရှိသေးတယ်…တယောက်ယောက်က ခပ်ရဲရဲ ဝင်ကြဲသွားလို့ ပုဂံ ညောင်ဦးက တက်ထွတ် ကျန်ရစ်မဖြစ်ပဲ မင်းက ကြို့ပင်ကောက်ကျန်ရစ်ဖြစ်သွားမယ်"

"ဟာ…ဖွဟဲ့၊ လွဲပါစေ ဖယ်ပါစေ…နိမိတ်မရှိ…မင်းပါးစပ်ကြီးကလဲ"

"ဘယ့်နှယ် နိမိတ်မရှိရမှာလဲ၊ ဒါ တက္ကသိုလ်ဟ၊ မူလတန်းကျောင်း မဟုတ်ဘူး၊ ခုတောင် မင်းကောင်မလေးကို လိုက်နေတဲ့ကောင် ဘယ်နှစ်ယောက်ရှိမလဲ မင်းသိလို့လား"

သူပြောမှ ကျွန်တော် မောသွားသည်။ ခုဟာက သူငယ်ချင်းလို့မို့ သူတို့နားမှာ ကျွန်တော် အချိန်ပြည့် ရှိသူ မဟုတ်။

"ဟော့ကောင် ခိုင်မြဲ… ဒီလိုလုပ်ကွာ"

သူ့ စကားကြောင့် ကျွန်တော် အားတတ်သရော သူ့ကို လှမ်းကြည့်သည်။

"ဘယ်လို လုပ်ရမလဲ"

"ခုမှတော့ မထူးဘူး၊ ဒီပုံစံနဲ့ပဲဆက်ဝင်၊ ဒီထက်ရင်းနှီးအောင် ပေါင်း၊ တတ်နိုင်သမျှ သူတို့နဲ့ မခွာနဲ့။ ဒီထက်ပိုပြီး နီးစပ်သွားယင် အခြေအနေတမျိုး ဖြစ်လာမယ်၊ ဖြစ်နိုင်ယင် ဖင်ပုတ် ခေါင်းပုတ် နေလို့ရအောင်ကိုလုပ်ပစ်၊ တခြားတယောက်ယောက်အကြောင်း စိတ်ကူးချိန်ကို သူ့မပေးနဲ့... ဘယ်နှယ့်လဲ"

"အင်း..."

သူပြောတာ ဖြစ်တော့ ဖြစ်နိုင်သည်။

သို့သော် ထိုစဉ်ကတော့ ဘယ်လိုလုပ်ရမည် ဆိုသည်ကို သိပ်သဘောမပေါက်သေး။

*

ခု...မလွှမ်းနူစကားကိုကြားရမှ ရဲမြင့်ပြောသလို လုပ်ရမယ့် နည်းကို ရသည်။

မလွှမ်းနူ၏ သက်သေသာဓကေ အခိုင်အလုံနဲ့ ရှင်းချက်ထုတ် တတ်တယ်ဆိုသော စကားကို ပြန်ချေရသည်။

"သက်သေ အနေနဲ့လောက်တင် ပြောတာ မဟုတ်ဘူး မလွှမ်းနူရ၊ ငါ့မှာ မိန်းကလေးထဲကဆို နင်တို့ကလွဲပြီး ဘယ်သူ့မှ ခင်စရာမရှိတာ...၊ ခင်စရာမရှိသလို ငါကလဲ နင်တို့ကလွဲပြီး ဘယ်သူ့မှ ခင်တာမဟုတ်ဘူး"

ခင်သက်ရီက ရယ်သည်။

"အခြေအနေကတော့ ချောနေတာပဲလွှမ်းနူရေ၊ ဘယ်ချက်ကမှ

ချော်တော့ ငေါ့သွားမလဲ မသိဘူး”

“ပြောပါစေ မသက်ရာ၊ သူကလျှာအရိုးမရှိတိုင်း၊ လျှောက်ပြောတော့လဲ တို့များက လွမ်းရတာ ပေါ့”

“အမယ်…နင်တို့က မယုံဘူးလား”

နှစ်ယောက်စလုံးရယ်သည်။

“ယုံပါတယ်တော်…ယုံပါတယ်၊ ဒါကြောင့် တို့ကလဲ နင့်ကို ဒီလောက် ခင်နေတာပေါ့”

မလွမ်းနု စကားလေးက ရင်ထဲသို့ တော်တော် နက်နက် ရှိုင်းရှိုင်းလေးအထိ ပီတိနှင့်အတူ ဝင်သည်။ အပျော်ဖြင့် နှုတ်လည်း ရဲလာ၏ ။ ရယ်သံဖြင့်ရော၍ …

“တကယ်ပြောတာ နင်တို့သာ လင်မယူဘူးဆိုယင် ငါလဲ တသက်လုံး မိန်းမ မယူပဲ နင်တို့နဲ့ သူငယ်ချင်းလို တအိမ်တည်း အတူတူ နေသွားမယ်”

“အမလေး…”

ခင်သက်ရီက မျက်လုံးပြူးပြီး အမလေးတ…သည်။

မလွမ်းနုက တခစ်ခစ် ရယ်၏ ။

*

မခွဲစတမ်း လက်ကမ်း၊ မယ်လေ။

လှရွှေ…ပြည်မြို့၊ ကြို့ပင်ခိုင်မြဲ။

ရဲမြင့်တောင်ငူ၊ ဘောင်ဦးတက်ထွတ်

တပြွတ်လေးကောင် တို့ညီနောင်။ ။

"အာ..."

နတ်ခြင်ထောင်၏ ကဗျာကြီးကြည့်ပြီး ကျွန်တော်တို့သုံးယောက် တွန့်သွားကြသည်။

"မင်းဟာက ဘယ်လိုဟာကြီးလဲ ရဲမြင့်ရာ၊ ကြည့်လဲလုပ်ပါ အုံး..."

တက်ထွတ်က ရှုံ့ရှုံ့ မဲ့မဲ့ဖြင့် ပြောသည်။

ကျွန်တော်ရယ်ချင်သဖြင့် အသာငြိမ်နေသည်။ ဖွင့်လည်း မရယ်သေး။ ကဗျာဆရာ နတ်ခြင်ထောင် ရဲမြင့်၏ မျက်နှာက အတည်ပေါက်ကြီး။ ပြီးတော့ ရဲမြင့်အကြောင်းကို ကျွန်တော်က ပိုသိသည်။

စောစောကတက်ထွတ်တို့ အခန်းတွင် တက်ထွတ်၊ ကျွန်တော်နှင့် လှရွှေတို့စု၍ လှရွှေက ဂီတာတီး ကျွန်တော်တို့က သူတီးသော သီချင်းကို ရောကာ သောကာ လိုက်အော်နေစဉ် တက်ထွတ် အလွန်ကျေနပ်သော မျက်နှာနှင့် ရောက်လာသည်။

"ဟေ့ကောင်တွေ ခဏရပ်အုံး"

အလန့်တကြားအော်ပြီး ရပ်ခိုင်းသဖြင့် ကျွန်တော်တို့ အားလုံး၏ တေးဂီတ ဖျော်ဖြေမှုအစီအစဉ်ကို ခေတ္တရပ်ဆိုင်းလိုက်သည်။

"ဘာလဲ"

"ငါ့ စိတ်ကူးထဲမှာ သိပ်အရေးကြီးတာတခုပေါ်လာလို့ အစီအစဉ်တခု လုပ်ထားတယ်၊ ငါနဲ့ ခဏလိုက်ခဲ့"

"ဘယ်လိုက်ရမှာလဲ"

"ငါတို့ အခန်းကို"

ကျွန်တော်တို့ သုံးယောက် တယောက်မျက်နှာ တယောက် လှမ်းကြည့်လိုက်သည်။ ဘယ်ကိုလဲ ဆိုသောအကြည့်။ လှရွှေက ဂီတာကြီးဘေးချလိုက်ပြီး…

"လာပါ…လိုက်သွားကြည့်ရအောင်၊ ပြီးတော့မှ ပြန်ဆိုတာပေ့ါ"

ကျွန်တော်တို့ သုံးယောက် အခန်းထဲ ရောက်သောအခါ ရဲမြင့်က… သူ့စားပွဲပေါ်မှ စာရွက်တရွက်ကို ယူပြသည်။ စာရွက်ပေါ်တွင် စောစောက ကဗျာကိုတွေ့ရခြင်းဖြစ်၏ ။

"အဲဒါက ဘာလုပ်တာလဲ ရဲမြင့်"

တက်ထွတ် စကားမဆုံးမီ လှရွှေက ဝင်မေးသည်။ ရဲမြင့်က တက်ထွတ်ကို တချလှည့်ကြည့်ပြီး…

"ခုနတုန်းက မင်းတို့သီချင်းဆိုနေတာ နားထောင်ယင်း…ငါ့စိတ်ထဲမှာ မင်းတို့ကိုတော်တော် ခင်လာတယ်၊ တို့လေးယောက် ဘယ်တော့မှမခွဲပဲ တသက်လုံး ခင်သွားရယင် ကောင်းမယ်လို့ စိတ်ကူးမိတယ် ၊အဲဒါကို ငါ ကဗျာရေးထားတာ"

တက်ထွတ်က စိတ်ဓာတ်ကျနေသော မျက်နှာဖြင့်…

"မင်းစိတ်ကူးကို ငါတို့ အပြည့်အဝ လက်ခံပါတယ်ကွာ၊ ဒါပေမယ့် မင်းကဗျာကိုတော့ နည်းနည်းပြင်စပ်ပါအုံး"

"ဘာလို့ ပြင်စပ်ရမလဲကွ၊ ဒါ အကောင်းဆုံး ဖြစ်အောင် အကြိမ်ကြိမ်ပြန်ရေးထားတဲ့ ကဗျာ"

"ထွတ်တဲ့ မှပဲ၊ အကောင်းဆုံး ကဗျာကလဲ ဘယ်လိုလုပ်ပြီး ဒီတပြွတ်ကြီးက ပါနေတာတုန်း"

"ဟ… အဲဒီ တပြွတ်က ကာရန်လဲဝင်အောင် အဓိပ္ပာယ်လဲ မိအောင် ငါ မနည်းရှာထားရတာ ကွ၊ ဒါဖြင့် မင်းနာမည်ကကော ဘာကြောင့် တက်ထွတ်

ဖြစ်နေရတာ လဲ၊ ထွတ်နဲ့လိုက်တာ ပြွတ်ပဲရှိတယ်”

“တခြားကာရန်ရှာပါကွာ၊ တပြွတ်ဆိုတာလဲမကောင်းဘူး တပြွတ်လေးကောင်းဆိုတော့ ပိုဆိုးသွားတယ်၊ နောက်က တို့ညီနောင်ဆိုတဲ့ စကားလုံးတောင် အားနာဖို့ကောင်းတယ်”

“မရဘူး၊ ဒါ ငါ့စိတ်ကြိုက်ကာရန်ပဲ၊ တပြွတ်ဆိုတာ တစု၊ တတွဲတခိုင်လို့ အဓိပ္ပာယ်ရတယ်၊ လေးကောင်ဆိုတာ တို့၊ အချင်းချင်း ဟေ့ကောင်တို့၊ ဟိုကောင်တို့ခေါ်ပြီး ပြောနိုင်အောင် ရင်းနှီးတယ်၊ ဟိတ်ကြီးဟန်ကြီး မရှိဘူးဆိုတာပြောတာ၊ မင်းနာမည်တက်ထွတ်မဟုတ်ပဲ တက်ထို့...တက်ထဲတို့ တက်ထိုင်တို့ဆို ပြောင်းပေးယင်တော့ ငါပြင်ပေးမယ်၊ တစု၊ တတွဲ၊ တခိုင် ကြိုက်ရာလုပ်”

တက်ထွတ် ခေါင်းကုတ်သည်။ လှရွှေက ရယ်ပြီး...

“ထားပါတော့ကွာ၊ အဲဒီ တော့ တို့က အခု ဘာလုပ်ရမလဲ”

“ငါပြောသလို မခွဲစတမ်း လက်ကမ်းမယ်ဆိုယင် အဲဒီ စာရွက်ပေါ်မှာ အားလုံးလက်မှတ်ထိုး ၊ ငါ အားလုံးလေးရွက်ရေးထားတယ်၊ လေးရွက်လုံးမှာပြီး တယောက်တရွက်လုံးမှာ လေးယောက်လုံး လက်မှတ်ထိုးပြီး တယောက်တရွက် သိမ်းထားမယ်”

ရဲမြင့်မျက်နှာပေါ်မှာ တစက်မှ နောက်နေသည့်အမူအရာမရှိ။ အတည်ပေါက်မှ တကယ့်အတည်ပေါက်။ လှရွှေက ရဲမြင့်တကယ်လုပ်နေတာဟု သိသွားသည်ထင်သည်။ တက်ထွတ်ပခုံးကို လှမ်းပုတ်ယင်း...

“ကောင်းတယ် ဟေ့ကောင်၊ ကဲ...လာ၊ တို့အားလုံး လက်မှတ်ထိုးမယ်၊ သူ့ဟာသူ ပြွတ်ပြွတ်ပြူးပြူး၊ စာလုံးက အဓိကမဟုတ်ဘူး၊ အဓိပ္ပာယ်က အဓိကကျတယ်၊ ကဲ...အားလုံး လက်မှတ်ထိုး”

ကျွန်တော် ပြုံးလိုက်၏ ။

*

ရဲမြင့်က ကျွန်တော်တို့ အားလုံး လက်မှတ်ထိုးထားသော စာရွက်လေးများကို တခုစီယူ၍ တသက်လုံး ကိုယ်နှင့်မကွာ ဆောင်ထားရမည်ဆိုသဖြင့် ကျောင်းသား မှတ်ပုံတင်ကတ်ပြား ထည့်သည့် ပလတ်စတစ်အိတ်လေးများထဲတွင် ကိုယ်စီ ခေါက်ထည့်ထားရသည်။

ထိုစာရွက်လေးကို မလွမ်းနူတို့အား ပြသောအခါ မလွမ်းနူတို့က ရယ်သည်။ ခင်သက်ရီကလည်း ရယ်ယင်းဖြင့်…

“နင်တို့စိတ်ညစ်တဲ့ အဲဒီ တပြွတ်ကလွဲယင် မဆိုးပါဘူးဟာ၊ တယောက်စီရဲ့ နာမည်တွေကော ကာရန်ဝင်အောင် စပ်ထားတာပဲဟာ”

ကျွန်တော် ခေါင်းညိတ်သည်။

“အေး…ငါတို့လဲ စဉ်းစားပြီးပြီ၊ တက်ထွတ် နာမည် တက်ထွတ်ဖြစ်နေသမျှ ကာလပတ်လုံးကတော့ ပြွတ်ကလွဲလို့ ဘာမှလုပ်ရမှာ မဟုတ်ဘူး”

ရွှေတိဂုံဘုရား၏ အင်္ဂါထောင့် အာရုံတန်ဆောင်လေးထဲတွင် ကျွန်တော်တို့၏ ရယ်သံများ လှိုင်သွား၏ ။

*

“သီတင်းကျွတ် ကျောင်းပိတ်ရက် နင် မန္တလေးပြန်အုံးမှာလား လွမ်းနူ”

ကျွန်တော်တို့ သုံးယောက် ဘုရား အာရုံပြုအပြီးတွင် ခင်သက်ရီက လှမ်းမေးသည်။ မလွမ်းနူက ခေါင်းခါယင်း…

"ဟော့အေး…ဒီဇင်ဘာကျမှပဲ ပြန်တော့မယ်၊ သီတင်းကျွတ် ကျောင်းပိတ်တာက ခဏလေး၊ လမ်းတင် အချိန်ကုန်သွားမှာပေ့ါ"

ကျွန်တော့်စိတ်ထဲ ထိတ်ကနဲ ဝမ်းသာသည်။

"နင်ကော ပြန်မှာမဟုတ်လား ခင်သက်ရီ"

"အေးပေ့ါ…ပြန်ရမှာပေ့ါ၊ ဘာလဲ နင်က မပြန်ပဲနေမလို့လား ခိုင်မြဲ… ဟုတ်လား"

"အေး…ငါလဲ ပြန်ဖြစ်မှာ မဟုတ်ဘူး ထင်တယ်"

"မပြန်တော့ နင်က ဘာလုပ်မလို့လဲ"

ကျွန်တော့်ခေါင်းထဲ အကြောင်းပြချက်တခု ကပျာကသီ စဉ်းစားသည်။ ရဲမြင့်ကဗျာလေးနှင့် ပတ်သက်ပြီး အကြံတခုရ၏ ။

"ဟိုကောင်တွေက တယောက်မှ မပြန်ဘူးဟ၊ သူတို့မပြန်ကြေးဆိုတော့ ငါဘယ်လိုလုပ် ပြန်မလဲ"

"အိုး…ဘာဆိုင်လို့လဲ၊ ကိုယ်က နီးနီးလေးမို့ ပြန်တာပဲဟာ၊ နောက်ပြီး မြို့ကိုလဲ ငါတယောက်တည်း ဘယ်လိုလုပ်မလဲ၊ ပြန်တယ်ပဲထားအုံး… ဟိုရောက်တော့ ဒေါ်လေးက နင့်မေးတော့ ငါ ဘယ်လိုလုပ် ပြောရမလဲ"

သူ့စကားကို ရုတ်တရက် ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ။ သူပြောတာလည်း ဟုတ်သည်။ ကျွန်တော် မပြန်လျှင် ခင်သက်ရီ သူတယောက်တည်း ပြန်ရမည်။ သူတယောက်တည်း ပြန်လာလျှင် အမေက စိတ်ပူချင် ပူနေဦးမယ်။ သည်ကိစ္စကို ကျွန်တော် နည်းနည်း စဉ်းစားပြီးမှ လုပ်သင့်သည်ဟု တွေးမိသဖြင့်…

“နေပါအုံးဟာ၊ ဟိုကောင်တွေကိုလဲ ငါအကျိုးအကြောင်း ကြည့်ပြောပါဦးမယ်၊ ကျောင်းပိတ်ဖို့ တပတ်လောက်တောင် လိုသေးတာပဲ၊ ငါပြန်ဖြစ်ချင်လဲ ပြန်ဖြစ်မှာပါ”

လောကတွင် စိတ်ကူးနှင့် လက်တွေ့အခြေအနေ အကြားကွာခြားမှု အတော်အတန်ရှိကြောင်း ပထမဆုံးအကြိမ် သတိပြုမိ၏။

*